ကျေးလက်ဒေသ
ဖွံ့ဖြိုးတိုးတက်ရေးအတွက်

# ကြေးမုံ ကျွန်ုပ်တို့ရွာ ဂျာနယ်

အတွဲ - ၂၂၊ အမှတ် - ၁၉၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်၊ ဗုဒ္ဓဟူးနေ့။

Our Village Journal

## သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏ နှလုံးသားအလှ



ဓာတ်ပုံ - iprd

ပုဂံခေတ် အနော်ရထာမင်းလက်ထက်ကတည်းက ရှင်အရဟံ၏ အဆုံးအမဖြင့် နူးညံ့သိမ်မွေ့သော စိတ်ထားများ ကိန်းအောင်းနေသည့် မြန်မာလူမျိုးများသည် ဘာသာ သာသနာနှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းသည့်အနေဖြင့် တစ်ဆယ့်နှစ်လရာသီပွဲတော်နှင့် ဒေသန္တရပွဲတော်များကို ကျင်းပလျက်ရှိပါသည်။ ဒေသန္တရပွဲတော်သည် တစ်နိုင်ငံလုံးတွင်မကျင်းပဘဲ သက်ဆိုင်ရာဒေသတွင်သာ ကျင်းပသော စာ - ၅ သို့

## ဝါးပိုးမွေးမြူရေးလုပ်ငန်းများ သက်တမ်းနုသေးသော်လည်း ပြည်တွင်းဈေးကွက် ထိုးဖောက်ရန် ပြင်ဆင်နေ

စာ - ၆ သို့



## မျှစ်ခြောက်ကို ဂျပန်က အမှာများသော်လည်း ၁၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေး

စာ - ၆ သို့



## ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်

စာ - ၄ သို့

## ပြည်ပဈေးကွက်အသစ်များရှာ၍ သရက်သီးအနှစ်ကိုသာ ဦးစားပေးတင်ပို့ရန် စီစဉ်လျက်ရှိ

စာ - ၆ သို့

## AI တိုးတက်လာခြင်းနှင့်အတူ ရုပ်ပုံဗီဒီယိုများကို အတု၊ အစစ် သတိထားဆင်ခြင်ရန် လိုအပ်လာ

စာ - ၇ သို့



## အစိုးရဆေးရုံများတွင် ပြည်သူနှင့် ဆက်ဆံရေး ပိုမိုအဆင်ပြေစေရန် ကျန်းမာရေးဝန်ကြီးဌာန ကြိုးပမ်း

စာ - ၃ သို့

## Online မှဆက်သွယ်၍ ဆင်စခန်းများရှိ ဆင်များအား ဆင်စာ ဘုဖေးကျွေးသူ များပြားလာ

စာ - ၁၀ သို့








## ဆစ်ပိုးအန္တရာယ် ကြိုတင်ကာကွယ်

**စပါးဆစ်ပိုး** ကျရောက်မှုကို မြန်မာပြည် စပါးစိုက်ပျိုးရာဒေသအနှံ့အပြားတွင် တွေ့ရှိနိုင်ပြီး မိုးစပါးနှင့် နွေစပါး နှစ်မျိုးစလုံးမှာ ကျရောက်လေ့ရှိပါတယ်။ အမြဲမပြတ်ရေလျှံလေ့ရှိတဲ့ ရေနေပတ်ဝန်းကျင်များမှာ တွေ့ရှိနိုင်တာကြောင့် မိုးစပါးတွင် ဖျက်ဆီးမှုများသည့် ဖျက်ပိုးတစ်မျိုးလည်းဖြစ်ပါတယ်။ စပါးပြီးစပါး ဆက်တိုက် စိုက်ပျိုးသောဒေသများမှာ ဖျက်ပိုးကျရောက်မှု ပိုများတတ်ပြီး လက်ခံသီးနှံပင် အမြဲမပြတ်ရှိခြင်း၊ ရာသီဥတုနှင့် ပတ်ဝန်းကျင်အနေအထားပေါ်မူတည်၍ တစ်နှစ်လျှင် မျိုးဆက် နှစ်ဆက်မှ ခြောက်ဆက်အထိ ပွားများနိုင်ပါတယ်။

### *ကျရောက်သည့်အချိန်*

ပျိုးပင်ငယ်အဆင့်မှ ရင့်မှည့်ချိန်အထိ စပါးပင်သက်တမ်းတစ်လျှောက်တွင် ကျရောက်နိုင်ပါတယ်။

### *ဖျက်ဆီးပုံလက္ခဏာများ*

ပင်ပိုင်းကြီးထွားသည့်အဆင့်တွင် ကျရောက်ပါက လောက်ကောင်သည် ပင်စည်အတွင်း ဝင်ရောက်ဖျက်ဆီးမှုကြောင့် စပါးပင်အလယ်ရှိ ခေါင်ညွန့်များ ဝါခြောက်လာပြီး သေသွားသည့် အူပုပ်လက္ခဏာ (Dead heart) ကို တွေ့ရမှာဖြစ်ပါတယ်။ ပင်ခြေတွင်လည်း စားသောက်ဖျက်ဆီးထားသော ပိုးဖောက်ဒဏ်ရာများရှိပြီး ပင်စည်ကို ခွဲကြည့်ပါက ပိုးမစင်နှင့် လောက်ကောင်များကို တွေ့နိုင်ပါတယ်။ အပင်ကို ဆွဲနုတ်ကြည့်ပါကလည်း အရင်းကနေ အလွယ်တကူ နုတ်ယူလို့ရမှာဖြစ်ပါတယ်။ အနှံထွက်သည့်အဆင့်တွင် ကျရောက်ပါက စပါးနှံများခြောက်ကုန်ပြီး အနှံဖြူများ ထောင်မတ်နေသော အနှံဖြူလက္ခဏာ (White ear-head) ကို တွေ့ရမှာဖြစ်ပါတယ်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

- စပါးဆစ်ပိုးကျရောက်မှုဒဏ်ခံနိုင်ရည်ရှိသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးပါ။
- စိုက်ခင်းအတွင်း ပိုးကျရောက်မှုရှိ/မရှိကို အမြဲမပြတ် ကွင်းဆင်းစစ်ဆေးပြီး ဆစ်ပိုးဥမြုံများ တွေ့ရှိပါက လက်ဖြင့် ကောက်ယူဖျက်ဆီးပစ်ပါ။
- ကောက်ကွက်စိပ်စိပ်စိုက်ခြင်းကိုရှောင်ပါ။
- ဖလံများကို စွဲဆောင်ဖမ်းယူရန်အတွက် မီးထောင်ချောက်ထွန်းပါ။
- နိုက်ထရိုဂျင်မြေဩဇာ အလွန်အကျွံသုံးစွဲခြင်းကိုရှောင်ပါ။
- ရွှေ့ပြောင်းစိုက်ပျိုးပြီး (၂၈) ရက်သားမှ စတင်၍ စိုက်ခင်းအတွင်း ဥကပ်ပါးနကျီ (Trichogramma) လွှတ်ပေးပါ။
- ဓာတုပိုးသတ်ဆေးအနေဖြင့် Carbosulfan 20% EC ပါဝင်သော အမ်-ကာဘိုကို အညွှန်းပါအတိုင်း စနစ်တကျပက်ဖျန်းပေးပါ။




## အမ်-ကာဘို (Carbosulfan 20%EC)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး**

**အသုံးပြုရန်နှုန်းထား**

စပါး- တစ်ဧကလျှင် (၂၀၀-၃၀၀)စီစီနှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ သုံးကြိမ်
- ဆေးဖျန်းခြားရက် (၁၄)ရက်
- ဆေးဖျန်းပြီး ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ
- တစ်ဧကလျှင် ရေ(၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# အစိုးရဆေးရုံများတွင် ပြည်သူနှင့်ဆက်ဆံရေး ပိုမိုအဆင်ပြေစေရန် ကျန်းမာရေးဝန်ကြီးဌာန ကြိုးပမ်း



အစိုးရဆေးရုံများတွင် ပြည်သူနှင့်ဆက်ဆံရေး ပိုမိုအဆင်ပြေစေရန် ကျန်းမာရေးဝန်ကြီးဌာန ကြိုးပမ်းနေကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး ဒေါက်တာသန်းနိုင်စိုး မှ ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားချက်များအရ သိရသည်။

ပြည်သူအများစုအနေဖြင့် အစိုးရဆေးရုံများကိုသာ အားကိုးအားထားပြုနေရသော်လည်း ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်း အပါအဝင် သန့်ရှင်းရေးဝန်ထမ်း၊ လုံခြုံရေးဝန်ထမ်းအချို့၏ မချေမငံပြောဆိုဆက်ဆံမှုတို့ကြောင့် ဆေးကုသမှု လာရောက်ခံယူသည့် လူနာများ၊ လူနာရှင်မိသားစုဝင်များနှင့် ဝန်ထမ်းများကြား မပြေလည်မှုအချို့ ရှိခဲ့ကြောင်း သိရသည်။

ကျန်းမာရေးဝန်ထမ်းများအနေဖြင့်လည်း ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ခံယူသည့် လူနာများ၏ ဝေဒနာအရ ဦးစားပေးဆောင်ရွက်ပေးရသည့် ဖြစ်စဉ်များရှိနေသည့်အတွက် ဝန်ထမ်းနှင့် လူနာများအကြား မပြေလည်မှုများ ဖြစ်ပေါ်ခြင်းဖြစ်ကြောင်း ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

ထို့ကြောင့် ပြည်သူ့ဆေးရုံများရှိ ကျန်းမာရေးဝန်ထမ်းများနှင့် လူနာအကြား ဆက်ဆံရေးပိုမိုအဆင်ပြေစေရန် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ဆေးလူမှုဆက်ဆံရေးဌာန ထားရှိကာ ဖြေရှင်းဆောင်ရွက်ပေးနေပြီး ပြည်သူလူထု ပိုမိုအားကိုးရသည့် ဆေးရုံဆေးခန်းဖြစ်စေရန် ဆောင်ရွက်နေကြောင်းလည်း သိရသည်။

“ဆေးရုံ၊ ဆေးခန်းလုပ်ငန်းသဘာဝအရ တစ်ဖက်ကကျတော့လည်း သူ့ရဲ့ ဦးစားပေးအရ လုပ်ရတဲ့ဟာတွေ ရှိတယ်။ အရေးကြီးတာကို ပိုဦးစားပေးလုပ်တာပေါ့။ ဒါပေမဲ့လည်း တစ်ဖက်က သူ့ကိုမကြည့်ပေးဘူးလားပေါ့။ ဒါမျိုးကလည်း ဟိုကတည်းက ရှိတာပေါ့။ အဲဒီ **နှစ်ခုမှာ မျှမျှတတနဲ့ ဦးစားပေးလုပ်ဆောင်ရတာတွေကို နားလည်အောင်ရှင်းပြဖို့ပေါ့။ မိသားစုဘက်က ကြည့်တော့လည်း မှန်ပါတယ်။ ဒါမျိုးလေးတွေဖြစ်တဲ့အခါ ဆေးလူမှုဆက်ဆံရေးမှူးဆိုပြီးတော့ ဆေးရုံကြီးရင် ကြီးသလိုထားတယ်။ ပြဿနာတစ်စုံတစ်ခုပေါ်လာရင် ကျန်းမာရေးဝန်ထမ်းကိုယ်တိုင်က တိုက်ရိုက်ဖြေရှင်းတာထက်စာရင် ဆေးလူမှုဆက်ဆံရေးမှူးကို အကူအညီတောင်းလိုက်တဲ့အခါကျရင် အကုန်ညှိနှိုင်းပြီး လုပ်ပေးရတာပေါ့နော်။** တိုက်နယ်ဆေးရုံကအစ အကုန်လုံးမှာ ဆက်ဆံရေးကောင်းဖို့လုပ်နေတာပါ။ ကျန်းမာရေးစောင့်ရှောက်မှုကို ပေးအပ်သူနဲ့ လက်ခံသူပေါ့နော်ကြားမှာ အဆင်ပြေမှ လုပ်ငန်းတွေလည်း အောင်မြင်မယ်။ ပြည်သူလူထုကလည်း ဆေးရုံတွေကို ပိုအားကိုးမယ်”ဟု ဒေါက်တာသန်းနိုင်စိုးက ပြောသည်။

*ရွှေစင်*

# အင်းဝမြို့ဟောင်း ရှေးလက်ရာ မနုဿသီဟရုပ် တူးဖော်တွေ့ရှိ၍ ပြတိုက်တွင် ထိန်းသိမ်းထား

အင်းဝမြို့ဟောင်းတွင် စွယ်တော်စင်ဆောက်ရန် မြေတူးစဉ် တွေ့ရှိရသော ရှေးလက်ရာ ရှားပါးမနုဿသီဟရုပ်ကို လုံခြုံရေးအရ ပြတိုက်တွင် ယာယီထိန်းသိမ်းထားကြောင်း အဆိုပါ စွယ်တော်စင် ဖြစ်မြောက်ရေး ကြိုးပမ်းနေသည့်ရှေးဟောင်းသုတေသီ၊ စာရေးဆရာ မိုလ်ရှိတ် (ရတနာပူရ) က ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

မြန်မာသက္ကရာဇ် (၁၁၈၃)ခုနှစ်တွင် ဘကြီးတော်စစ်ကိုင်းမင်း တည်ဆောက်ခဲ့သော အင်းဝစွယ်တော်စင်မှာ အုတ်ပုံသဖွယ် ပျက်စီးနေသောကြောင့် နိုင်ငံတော်ခွင့်ပြုချက်ဖြင့် ရှေးမူမပျက် ပြန်လည်တည်ဆောက်ရန် ခွင့်ပြုမိန့်ကျထားရာ လက်ရှိတွင် စွယ်တော်စင် ပတ်ပတ်လည်ရှိ ပြိုကျနေသည့်မြေကို တူးဖော်မှုများ ဆောင်ရွက်နေကြောင်း သိရသည်။

“တူးဖော်မှုတွေလုပ်တဲ့အချိန် စက်တင်ဘာလ (၇) ရက်က တူးဖော်မှုရဲ့ အရှေ့မြောက်ထောင့်ကို ရောက်တဲ့အခါမှာ သစ်ပင်ကြီးအောက်မှာ ကျွန်တော်တို့ တူးဖော်ရေးအဖွဲ့တွေက စကျင်ကျောက်တုံးလိုပုံစံကြီး စတွေ့တော့ ဒီမှာတွေ့ပြီ၊ တွေ့ပြီဆိုပြီး ကြည့်လိုက်တော့ မနုဿသီဟရုပ်တုဖြစ်နေတာပေါ့” ဟု ၎င်းက ရှင်းပြသည်။

လက်ရှိတွင် လုံခြုံရေးစိတ်မချမှုကြောင့် အင်းဝပြတိုက်၌ ခေတ္တထိန်းသိမ်းထားရှိကြောင်း သိရသည်။ “ဒီရုပ်တုကြီးတွေ့ခဲ့တဲ့အခါမှာ ရုပ်တုကြီးကို ကျွန်တော်တို့က အပြစ်အနာအဆာမရှိအောင် ဂရုတစိုက်နဲ့သယ်ပြီးတော့ လောလောဆယ် အင်းဝပြတိုက်ထဲမှာ ခေတ္တထိန်းသိမ်းထားတယ်။ ပြတိုက်ထဲမှာတော့ ချေးချွတ်တာတွေ၊ သန့်ရှင်းတာတွေ လုပ်ပြီပေါ့ဗျာ။ ရှေးဟောင်းပစ္စည်းဖြစ်မယ်ဆိုရင် ကျွန်တော်တို့ တွေ့ရှိတဲ့နေရာမှာ ထိန်းသိမ်းထားနိုင်တယ်ဆိုရင်တော့ ကောင်းတာပေါ့” ဟု ၎င်းက ဆိုသည်။

အဆိုပါရုပ်တုသည် စစ်ကိုင်းမင်းလက်ထက်တွင် စကျင်ကျောက်ဖြင့် ထုလုပ်ခဲ့သည့် အမရပူရခေတ်လက်ရာဖြစ်ပြီး လက်ရာနှင့်တန်ဖိုးအရ အလွန်ရှားပါးသည်ဖြစ်ရာ အင်းဝစွယ်တော်စင်ကြီး ဆောက်လုပ်မှု အလုံးစုံ ပြီးဆုံးပါက အဆိုပါ ရုပ်တုထားရှိခြင်းကို ပြန်လည်ချင့်ချိန် စဉ်းစားသွားမည်ဖြစ်ကြောင်းကိုလည်း ၎င်းက ထပ်မံပြောကြားသည်။ **“ဒီရုပ်တုက အင်းဝမြို့၊ နန်းတော်ဦး ရွှေတော်ယူတံခါး ဝင်ဝင်ချင်း ညာဘက်မှာ ရှိတာဗျ။ နန်းတော်ထဲမှာရှိတဲ့ဟာပေါ့။ ဒီရုပ်တုကို ဒီလိုအင်္ဂါစုံတွေ့ရဖို့ ခဲယဉ်းတယ်ဗျ။ မရှိဘူးဗျ။ ဒါကြောင့်မလို့ ဒီရုပ်တုဟာ အလွန်ရှားတဲ့ ရုပ်တုတစ်ခုလို့ ပြောတယ်။ လက်ရာအနေနဲ့လည်း ရှားတယ်။ အကောင်းပကတိအတိုင်း တွေ့ရဖို့ မလွယ်ဘူး။** ဒါကြောင့်မလို့ ဒီလိုရှားပါးလှတဲ့ ရုပ်တုကို တွေ့ရတာ ကျွန်တော်တို့အနေနဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ ယဉ်ကျေးမှုတစ်ခု ပြန်ရလိုက်သလိုပဲပေါ့”ဟု ၎င်းက ဆိုသည်။

*ချယ်ရီ*



# ပြည်တွင်းထုတ် တာယာကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားနေဟုဆို

တာယာကို ပြည်ပသို့ ပိုမိုတင်ပို့နိုင်ရေး ကြိုးစားနေကြောင်း မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း၏ အတွင်းရေးမှူး ဦးခိုင်မင်းက ဒို့ကျေးရွာဂျာနယ်သို့ ပြောကြားသော အချက်အလက်များအရ သိရသည်။

မော်တော်ကားတာယာများကို ရန်ကုန်တာယာစက်ရုံနှင့် 5 Stars တာယာစက်ရုံတို့တွင် အဓိကထုတ်လုပ်နေပြီး သထုံတာယာစက်ရုံမှ အနည်းငယ် ထုတ်လုပ်နေကြောင်း သိရသည်။ ထို့ပြင် ဆိုင်ကယ်တာယာများကို ရန်ကုန်တာယာစက်ရုံနှင့် မန္တလေးရှိ တာယာစက်ရုံတစ်ခုတို့က ထုတ်လုပ်နေကြောင်းလည်း သိရသည်။

“Export လိုင်းကို ထိုးဖောက်ဖို့ကတော့ အခုကြိုးစားနေကြတယ်။ **ကျွန်တော်တို့ဆီ ထုတ်တဲ့တာယာတွေက ဗီယက်နမ်တာယာအဆင့်နဲ့ တန်းတူလိုက်နိုင်တယ်။ အဲဒီမှာ ဈေးနှုန်းကတော့ Brand တစ်ခုအနေနဲ့ မပေါက်သေးတဲ့အခါကျတော့ ဗီယက်နမ်တာယာအောက်မှာ ဈေးနှုန်းတစ်ခုအနေနဲ့ ရောင်းရတာပေါ့နော်။ လက်ရှိကတော့ပြည်တွင်းသုံးလောက်ပဲ လုပ်သေးတာ။** Export ကတော့ အနည်းအကျဉ်းလောက်ပဲ သွားနိုင်သေးတယ်။ အခုရန်ကုန်တာယာဆိုရင် မလေးရှားနိုင်ငံပေါ့။ မလေးရှားဆိုတာကလည်း တာယာစက်ရုံတွေ အများကြီးရှိတဲ့နိုင်ငံပေါ့။ သို့သော်လည်း သူတို့နိုင်ငံရဲ့လိုအပ်ချက်ဖြစ်နေတဲ့ လယ်ယာသုံးပေါ့။ လယ်ယာသုံး ထွန်စက်အသေးလေးတွေပေါ့။ ထော်လာဂျီလိုဟာမျိုးတွေအတွက် တာယာက သူတို့အတွက် ကျွန်တော်တို့ဆီက တာယာတွေကို Sample ပို့တဲ့အချိန် သူတို့ဆီမှာ တော်တော်လေးအသုံးတည့်တယ်”ဟု ဦးခိုင်မြင့်က ပြောသည်။ ကုန်ကြမ်းများကိုပါ ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေးအတွက် ကြိုးစားနေကြောင်းလည်း သိရသည်။

“ တာယာထုတ်တဲ့ စက်ရုံတွေမှာ **ပြည်တွင်းကထွက်တဲ့ ရော်ဘာကို အသုံးပြုတာက ၂၅ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။ ကျန်တဲ့ ၇၅ ရာခိုင်နှုန်းက တိုင်းပြည်မှာ ထုတ်လုပ်နိုင်ခြင်းမရှိသေးတဲ့ Chemical တွေရော၊ နောက် Seal Beld တို့ နိုင်လွန် Beld တို့ တာယာထုတ်ဖို့ ပစ္စည်းတွေ Import ပြန်သွင်းနေရတာပေါ့နော်။** Import ပြန်သွင်းပြီး ထုတ်လုပ်ရတာဖြစ်တဲ့အတွက် အဲဒီကုန်ကြမ်း လုံလုံလောက်လောက်ရဖို့လည်း လိုတာပေါ့နော်”ဟု ၎င်းက ဆက်လက်ပြောသည်။

*ရွှေစင်*

# မိုးလွန်ကာလတွင်လည်း မိုးရွာနိုင်

မိုးနှောင်းကာလတွင် မိုးကောင်းမည့် အခြေအနေရှိပြီး မိုးလွန်ကာလတွင်လည်း မိုးရွာခြင်းမျိုး ဖြစ်နိုင်ကာယင်းနှင့်ပတ်သက်၍ ဌာနမှအသိပေးထုတ်ပြန်ပေးနေကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဦးလှထွန်းက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

**မုတ်သုံဆုတ်သော ကာလကို မိုးနှောင်းဟု သတ်မှတ်ကာ မုတ်သုံထွက်ပြီး ဆောင်းမရောက်မီကာလကို မိုးလွန်ဟု သတ်မှတ်ထားသည်။** “မိုးနှောင်းရွာတဲ့ မိုးကိုတော့ နောက်မိုးလို့ခေါ်တာပေါ့။ နောက်မိုးတွေတော့ နည်းနည်းကောင်းမယ့် သဘောရှိတယ်။ နောက်ပိုင်း မိုးလွန်ကာလမှာလည်း မုတ်သုံတော့ ဆုတ်သွားပြီ။ ဒါပေမယ့် မိုးမကုန်တာမျိုးလည်း ဖြစ်နိုင်တယ်။ ဘယ်လိုမျိုးလည်းဆိုရင် အရှေ့ဘက်က တိုင်ဖွန်းမုန်တိုင်းအကြွင်းအကျန်တွေပေါ့။ အဲဒါကြောင့်လည်း မိုးက ဆက်ပြီး ရွာနိုင်သေးတယ်” ဟု ဦးလှထွန်းက ဆိုသည်။ မုတ်သုံဆုတ်သွားပြီဖြစ်သော်လည်း မုတ်သုံကြောင့် မဟုတ်သော မိုးလေဝသဖြစ်စဉ်များကြောင့် မိုးရွာခြင်းများရှိပြီး ဒေသအလိုက် ရွာသွန်းခြင်းမျိုး ဖြစ်နိုင်ကြောင်း ၎င်းက ဆိုသည်။

**“မိုးနှောင်းကာလမှာဆိုလည်း ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနဲ့ အောက်ဘက်က တောင်ပိုင်းဒေသတွေ မိုးများဖို့ ရှိတယ်။ နောက်မိုးကောင်းမယ်ပေါ့။ မိုးလွန်မိုးတွေလည်း ရွာဖို့တော့ ရှိသေးတယ်ပေါ့နော်။ မိုးလွန်မိုးတွေက အရမ်းဝေးနေတော့ ခန့်မှန်းမှုတွေက တိကျသေချာမှုတော့ မရှိဘူးပေါ့။ ဒါနဲ့ပတ်သက်ပြီး ဌာနက အမြဲတမ်းထုတ်ပြန်ပေးသွားတာရှိတယ်”** ဟု ဦးလှထွန်းက ဆိုသည်။

*သတိုးနေမျိုး*

# နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပညာရေးကိုအခြေခံရမည်

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့်အချက်များစွာရှိသည့်အနက် လူသားအရင်းအမြစ်ကောင်းများ ရှိခြင်းသည်လည်း အခြေခံအချက်တစ်ချက်ဖြစ်သည်။ အရည်အသွေး မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် လူငယ်လူရွယ်များသည် နိုင်ငံအနာဂတ်ကို တည်ဆောက်မည့် အခြေခံအုတ်မြစ်များပင်ဖြစ်သည်။ လူငယ်လူရွယ်များကို အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်နိုင်သကဲ့သို့ ရရှိထားသည့်ရင်းမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရန်လည်း လိုအပ်သည်။

မြန်မာနိုင်ငံတွင် အလုပ်လုပ်နိုင်သည့် အသက်အရွယ်၊ လူဦးရေအချိုးအစား အများအပြားရှိသော်လည်း အမှန်တကယ်လုပ်ကိုင်မည့်သူ ရှားပါးသည်။ နိုင်ငံသားများ၏ ပျမ်းမျှပညာရေး အဆင့်အတန်း နိမ့်ကျနေခြင်းသည် နိုင်ငံလူဦးရေနှင့် နှိုင်းယှဉ်ပါက ပညာတတ်ဦးရေနည်းပါးနေခြင်းတို့က ကျွမ်းကျင်လုပ်သားရင်းမြစ်များကို ရှားပါးစေခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း အချက်အလက်များအရ အသက် ၁၅ နှစ်အထက် စာမတတ်သူ ၄ ဒသမ ၁ သန်း ရှိသည်။ စာတတ်မြောက်သော်လည်း မူလတန်းပညာရေးပြီးဆုံးမှုမှာ ၈၅ မှ ၉၀ ရာခိုင်နှုန်းကြား၊ အလယ်တန်းပညာရေးပြီးဆုံးမှုမှာ ၅၀ မှ ၆၀ ရာခိုင်နှုန်းကြားနှင့် အထက်တန်းပညာရေး ပြီးဆုံးမှုမှာ ၂၅ မှ ၃၅ ရာခိုင်နှုန်းကြားသာရှိကြောင်း သိရှိရသည်။ အထက်တန်းပညာရေး ပြီးဆုံးမှု နည်းပါးရခြင်းမှာ ပညာရေးကို အလေးမထားမှု၊ ပညာကို ဆုံးခန်းတိုင်အောင် ကောင်းစွာမသင်ယူမှုနှင့် ကျေးလက်မြို့ပြ လူနေမှုကွာဟမှုတို့ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သယံဇာတနှင့် အလုပ်လုပ်ကိုင်နိုင်သည့် အရင်းအမြစ်များလည်းရှိသည်။ လက်ရှိအခြေအနေတွင် ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခင်းအကျင်းများကလည်း မြန်မာနိုင်ငံအတွက် အလားအလာကောင်းများ ဖြစ်ပေါ်နေပေသည်။ တည်ငြိမ်အေးချမ်းမှု ပျက်ပြားနေခြင်းက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နှောင့်နှေးစေသဖြင့် ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရရေး ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ နိုင်ငံတော် ဆောင်ရွက်မှုများတွင်လည်း ဝိုင်းဝန်းကူညီရန် လိုအပ်သည်။ နိုင်ငံတော်က သတ်မှတ်ထားသည့်အတိုင်း အနည်းဆုံး KG+9 ပြီးဆုံးအောင်သင်ယူပြီး အသက်မွေးဝမ်းကျောင်းပညာများ ဆက်လက်သင်ယူကာ ကျွမ်းကျင်အလုပ်သမားများအဖြစ် မွေးထုတ်ပေးနိုင်မှသာ ပြည်ပတွင် ဝင်ငွေကောင်းစွာ ရရှိနိုင်သလို ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများတွင် ဝင်ရောက် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ပညာရေး ချို့တဲ့ခြင်းက ဘဝအတွက်သာမက နိုင်ငံအတွက်ပါ ဆုံးရှုံးနစ်နာစေသည်။ နိုင်ငံတော်ဖွံ့ဖြိုးရေးနှင့် ကိုယ်ပိုင်ဘဝများတိုးတက်ရေးအတွက် ပညာရေးဖွံ့ဖြိုးအောင် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပညာကောင်းစွာသင်ယူခြင်းဖြင့် နိုင်ငံဖွံ့ဖြိုးရေးကို အားပေးထောက်ကူ ပြုနိုင်ပေမည်။

**၁၃၈၇ ခု၊ သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့။** **စာတည်းမှူး**

ဒိုးကျွန်းမြ ဂျာနယ်

**ထုတ်ဝေသူ**
ဦးကျော်ဇင်စိုး
မှတ်ပုံတင်အမှတ်(၀၀၈၁၅)
**ပုံနှိပ်ခြင်း**
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
**စာတည်းမှူး**
အောင်ဇော်ဦး
**စာတည်းများ**
စန္ဒာချစ်၊ စန္ဒာငွေး၊ ခင်မာဝေ
ကျော်တင့်(ရွှေခရမ်း)၊
ကိုဘုန်း
**လိုဂိုစာလုံးဒီဇိုင်း**
ပန်းချီတင်ထွဏ်း
**မျက်နှာဖုံးဒီဇိုင်း**
ဝေဝေဖြိုးအောင်
**အတွင်းသရုပ်ဖော်**
လှထွဋ်ဦး၊
ကျိုက်လတ်ဘသဏ်း၊
ရွှေကိုဦး၊ စိုးစံ
**ကွန်ပျူတာအဖွဲ့**
ဝေဝေဖြိုးအောင်၊ ခိုင်သဇင်
**ဆက်သွယ်ရန်**
အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁၈-၃၈၄၈၁၃/ ၃၇၁၃၄၀
E-mail: iprd.productionn@gmail.com
Facebook: DKY Journal
စောင်ရေ - ၁၉၈၄၅
၄၅၀ ကျပ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF"terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on the possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခွင့်ကို ဒီဇင်ဘာလ ၅ ရက်နေ့အထိ လျှောက်ထားနိုင်

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်၍ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လေ့လာလိုသည့် ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် လေ့လာလိုသည့် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာခွင့်ကို စက်တင်ဘာလ ၁၆ ရက်နေ့မှ ဒီဇင်ဘာလ၅ရက်နေ့အထိလျှောက်ထားနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC)မှ အသိပေးကြေညာထားသည်။

ရွေးကောက်ပွဲများ စောင့်ကြည့်လေ့လာရာတွင်ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၅)ဖြင့်လည်းကောင်း၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၅)ဖြင့်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ အဆိုပါ အမိန့်ကြော်ငြာစာများကို https://www.uec.gov.mm တွင် ဝင်ရောက် ကြည့်ရှုနိုင်သည်။



ဓာတ်ပုံ - uec.gov.mm

ရွေးကောက်ပွဲကော်မရှင်အနေဖြင့်သက်ဆိုင်ရာနိုင်ငံများနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို တိုက်ရိုက်ဖိတ်ကြားစာ ပေးပို့၍သော်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သံတမန်ဆက်သွယ်မှု ပြုထားသည့် နိုင်ငံခြားသံရုံးများ၊ ကောင်စစ်ဝန်ရုံးများနှင့် အမြဲတမ်းကိုယ်စားလှယ်ရုံးများမှ ကိုယ်စားလှယ်များကိုလည်း နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် ဖိတ်ကြား၍သော်လည်းကောင်း နိုင်ငံတကာ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာသူများအဖြစ် စောင့်ကြည့်လေ့လာခွင့် ပြုသွားမည်ဖြစ်သည်။

၂၀၂၅ ခုနှစ် ရွေးကောက်ပွဲတွင် နိုင်ငံတကာ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ ၂၀ ဝန်းကျင်ဖိတ်ကြားသွားမည်ဖြစ်ကြောင်းနှင့် အဆိုပါ အဖွဲ့အစည်းများတွင် သံတမန်ရေးရာတွင် နိုင်ငံ့ကိုယ်စား ဆောင်ရွက်နေသည့် မြန်မာနိုင်ငံအတွင်းရှိ သံရုံး/ကောင်စစ်ဝန်ရုံးများ၊ နိုင်ငံတကာအစိုးရများ၊ Electoral Management Body (EMB) စသည့် ကော်မရှင်အဖွဲ့များနှင့် အခြားသောအဖွဲ့အစည်းများ ပါဝင်ကြောင်း သိရသည်။

*ငြိမ်းအိ*

*သီတင်းကျွတ်အခါရာသီနှင့် မြန်မာတို့၏ နှလုံးသားအလှ* *မျက်နှာဖုံးမှ*



ဓာတ်ပုံ – iprd

ပွဲတော်များဖြစ်ပြီး မြန်မာ့ တစ်ဆယ့်နှစ်လရာသီ ပွဲတော်များသည် တစ်နိုင်ငံလုံးတွင် ခြိမ့်ခြိမ့်သဲသဲ ကျင်းပသည့် ပွဲတော်များဖြစ်သည်။ မြန်မာ့တစ်ဆယ့်နှစ်လရာသီပွဲတော်နှင့် ပတ်သက်၍ အမတ်သရေသင်္ခယာက "သင်္ကြန်တာကူး၊ နှစ်ဦးညောင်ရေ၊ စာပလွှေခင်း၊ ပဋ္ဌာန်းတော်ခံ၊ စာရေးတံနှင့်၊ မြစ်ယံပွဲကြီး၊ ဆီမီးထွန်းချိန်၊ ကထိန်၊ နတ်ကျင်း၊ မြင်းခင်း၊ ထွက်ဝင်၊ သဘင်မီးဖုံး၊ ဂူလုံးသဲပုံ၊ စေ့စုံစီလျှဉ် ဤသို့ယှဉ်သား၊ လစဉ်စမြဲ ဆယ့်နှစ်ပွဲ" ဟူ၍ ရေးဖွဲ့ခဲ့ပါသည်။ အဆိုပါ ပွဲတော်များအနက် သီတင်းကျွတ်လ မီးထွန်းပွဲတော်နှင့် ဘိုးဘွားမိဘများကို ဝန်ချကန်တော့ရသည့် အလေ့အထသည် မြန်မာနိုင်ငံ၏ ခမ်းနားကြီးကျယ်သော ဘာသာရေး အလေ့အထ ပွဲတော်တစ်ခု ဖြစ်ပါသည်။

သီတင်းကျွတ်လသည် ရဟန်းသံဃာတော်များ ဝါဆိုပြီးနောက် သီတင်းသုံးသည့် နေရာများမှ လွတ်မြောက်ခဲ့ခြင်းကို ရည်ရွယ်၍ သီတင်းကျွတ်လ ဟူ၍လည်းကောင်း၊ ဝါကျွတ်လ ဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ သီတင်းကျွတ်လသည် မြန်မာပြက္ခဒိန်၏ သတ္တမမြောက်လဖြစ်ပါသည်။ ရာသီပန်းမှာ ကြာပန်းဖြစ်ပြီး ရာသီခွင်မှာ တူရာသီဖြစ်သည်။

ပုဂံခေတ်က သီတင်းကျွတ်လကို "သန်တူလ" ဟူ၍ ခေါ်ကြသည်။ သန်သည် "ကောက်၊ စပါး" တူသည် "ထောင်မတ်သည်"ဟု အဓိပ္ပာယ်ရသည်။ ကောက်စပါးပင်များ ပေါက်ပွားထွက်ကာ ထောင်မတ်လာသောလဟု ဆိုလိုပါသည်။ "သန်တူလ" မှ သီတင်းကျွတ်လကို ပြောင်းလဲလာပုံမှာ ဗုဒ္ဓဘာသာကို အခြေခံ၍ ဖြစ်လာခြင်းဖြစ်သည်။ အင်းဝခေတ် သက္ကရာဇ် ၈၀၀ ဝန်းကျင်တွင် ရေးထိုးခဲ့သော ကျောက်စာများတွင် "သီတင်းကျွတ်" ဟူသော ဝေါဟာရကို သုံးစွဲနေပြီဖြစ်သည်။ အင်းဝခေတ်မှသည် ကုန်းဘောင်ခေတ်ထိ ကျောက်စာတို့တွင်လည်း သီတင်းကျွတ်ဝေါဟာရကို လှိုင်လှိုင်သုံးလာကြသည်။

**အဘိဓမ္မာအခါတော်နေ့**

မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောကြားတော်မူခဲ့သည်ကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့မြတ်ဟုလည်း သတ်မှတ်ပူဇော်ကြသည်။ မြတ်စွာဘုရားသည် မကုလတောင်၌ ဆဋ္ဌမဝါဆိုတော်မူပြီးနောက် သတ္တမဝါကို တာဝတိံသာနတ်ပြည်သို့ ကြွတော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ လောကဓာတ်တစ်သောင်းမှ စုဝေးရောက်လာကြကုန်သော နတ်ဗြဟ္မာအပေါင်းတို့အား ဝါတွင်းသုံးလ ကာလပတ်လုံး အဘိဓမ္မာတရား ဟောကြားတော်မူသည်။ တရားဟောကြားပြီး ဝါကျွတ်သောအခါ သိကြားမင်းဖန်ဆင်းသည့် စောင်းတန်းသုံးသွယ်ဖြင့် လူ့ပြည်သင်္ကဿနဂိုရ် ပြည်သို့ နတ်ဗြဟ္မာအပေါင်းခြံရံလျက် ဆင်းသက်တော်မူသည်။

ထိုအခါ မင်းနှင့်တကွသော ပြည်သူတို့သည် ဆီမီးတန်ဆောင်ထွန်းကာ မြတ်စွာဘုရားကို ကြိုဆိုကြသည်။ ဤအခါမှစ၍ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူတို့သည် သီတင်းကျွတ်လသို့ ရောက်သည့်အခါ ဆီမီးတန်ဆောင်ထွန်းညှိ ပူဇော်ကြခြင်းဖြစ်သည်။ သီတင်းကျွတ်သည့်အခါ အများပြည်သူတို့အနေဖြင့် မြတ်စွာဘုရားရှင်အား ပူဇော်သောအားဖြင့် ဆီမီးပူဇော်ထွန်းညှိခြင်းကိုသာ အလေးအနက်ပြုကြလေ့ရှိသော်လည်း အနှစ်သာရမှာ အမိကျေးဇူးဆပ်ခြင်းကို ရည်ညွှန်း၍ အဘိဓမ္မာတရားကို ဟောကြားတော်မူခြင်းဖြစ်ပေသည်။ သီတင်းကျွတ်လပြည့်နေ့ကို အဘိဓမ္မာအခါတော်နေ့ ဟုဆို ဆို၊ ဆီမီးထွန်းပူဇော်ပွဲ ဟုပြောပြော အဆိုပါနေ့မြတ်သည် မြန်မာလူမျိုးများအတွက်သာမက ထေရဝါဒဗုဒ္ဓဘာသာဝင် တိုင်းရင်းသားလူမျိုးအားလုံးနှင့်သက်ဆိုင်ပေသည်။ ကျေးဇူးတော်ရှင် မြတ်ဗုဒ္ဓကို ရည်မှန်း၍ ဆီမီးပူဇော်သည့် ယဉ်ကျေးမှုအစဉ်အလာမှာ ယနေ့ထက်တိုင် ထွန်းကားနေခြင်းမှာလည်း ဗုဒ္ဓသာသနာ ထွန်းလင်းတောက်ပနေခြင်းသာ ဖြစ်ပေသည်။

အဘိဓမ္မာဒေသနာတော်သည် ဘုရားရှင်၏ ရွှေနှုတ်တော်ဖြင့် ထုတ်ဖော်ဟောကြားအပ်သော တရားတော်ဖြစ်သည်။ "အဘိဓမ္မာ" ဟူသည် ပါဠိဘာသာဖြစ်၍ "အလွန်ထူးကဲသောတရား" ဟု အနက်အဓိပ္ပာယ်ရသည်။ အဘိဓမ္မာဒေသနာတော်ကြီးတွင် ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းနှင့် ပဋ္ဌာန်းကျမ်းဟူသော ကျမ်းခုနစ်ကျမ်းရှိရာ အထူးထူး အပြားပြားသော အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်ရသော အကျိုးတရားတို့ကို ရှင်းလင်းဟောကြားသည့် ပဋ္ဌာန်းဒေသနာတော်သည် ရဟန်းရှင်လူပြည်သူအများစုနှင့် ရင်းနှီးကျွမ်းဝင်သော ဒေသနာတော်ဖြစ်သည်။ ဗုဒ္ဓဘုရားရှင် အဘိဓမ္မာတရား ဟောကြားပြီးသည့် အထိမ်းအမှတ်အဖြစ် သီတင်းကျွတ်လပြည့်နေ့ကို "အဘိဓမ္မာအခါတော်နေ့" ဟု သတ်မှတ်ကျင်းပခဲ့ကြသည်။ ဗုဒ္ဓဘာသာဝင်များသည် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် အဘိဓမ္မာတရားတော်များကို ရွတ်ပွားပူဇော်ကြသည်။ ဆင်းရဲခြင်း ဒုက္ခအပေါင်းတို့မှ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဆည်းပူးအားထုတ် ပွားများကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဥပုသ်သီလဆောက်တည်ကြခြင်း၊ တရားဓမ္မနာယူခြင်း စသည့်ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

**ပဝါရဏာပွဲ**

သီတင်းကျွတ်လပြည့်နေ့ရောက်တိုင်း ပဝါရဏာပွဲနှင့် မီးမြင်းမိုရ်ပွဲဟူ၍ ပွဲတော်များကိုလည်း ကျင်းပကြသည်။ ပဝါရဏာပွဲအဓိပ္ပာယ်မှာ ဖိတ်ကြားခြင်း၊ တိုက်တွန်းခြင်း၊ တောင်းပန်ခြင်းတို့ ဖြစ်လေသည်။ တပည့်တော်၏ အပြစ်ကို မြင်၍သော်လည်းကောင်း၊ ကြား၍သော်လည်းကောင်း၊ သံသယရှိလျှင်သော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကို ကုစားပါမည်ဟု ဖိတ်ကြားတိုက်တွန်းပြီး ရဟန်းများက မိမိ၏အပြစ်များကို အခြားတစ်ပါးထံမှာ မိမိ၏ သဘောဆန္ဒအလျောက် ဖွင့်ဟပြောဆိုပြီး ဝန်ချတောင်းပန်ကြသလို သာသနာတော်သန့်ရှင်းတိုးတက်ရေးအတွက် အပြုသဘောဆောင်ပြီး ဝေဖန်သုံးသပ်ကြသည့်ပွဲလည်း ဖြစ်ပေသည်။ အလွန်ပင်နည်းလမ်းကျ၍ စည်းစနစ်ကောင်းလှသောပွဲ ဖြစ်ပါသည်။

**သီတင်းကျွတ်မီးထွန်းပွဲတော်**

သီတင်းကျွတ်မီးထွန်းပွဲတော်ကို ရှေးအခါက မီးမြင်းမိုရ်ပွဲဟု ခေါ်ကြသည်။ သီတင်းကျွတ်လပြည့်နေ့ ညနေ၌ နတ်ပြည်မှ လူ့ပြည်ကို ဆင်းအလာ လပြည့်ဝန်းနှင့်အတူ ကောင်းကင်မှာ တင့်တယ်စွာဖူးမြင်ရသည့် မြတ်စွာဘုရားကို နတ်လူအများက ပူဇော်သည့်အနေဖြင့် အိမ်၊ ကျောင်း၊ တန်ဆောင်းများမှာ ဆီမီး၊ မီးပုံးများ ထွန်းညှိပူဇော်ကြသကဲ့သို့ ဘုရားစေတီများတွင်လည်း ပွဲများပြုလုပ်ပြီး သီတင်းကျွတ်မီးထွန်းပွဲတော်ကို ပြုလုပ်ကြသည်။ ပုဂံမြို့ မြင်းကပါဂူပြောက်ကြီးဘုရားက ပန်းချီကားတွင် ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာမှ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းပုံပန်းချီကို တွေ့ရသည့်အတွက် မီးထွန်းပွဲကို ပုဂံခေတ်ကတည်းက ကျင်းပခဲ့သည်ဟု ယူဆနိုင်ပေသည်။ ထို့အပြင် အင်းဝခေတ်တွင် ကျင်းပသည့် မီးမြင်းမိုရ်ပွဲအကြောင်းကိုလောကဗျူဟာကျမ်းတွင်လည်း ဖော်ပြထားသည်။ ကုန်းဘောင်ခေတ်အလယ်ပိုင်းက သီတင်းကျွတ်လတွင် ဆီမီးထွန်းညှိပူဇော်ပုံကို ဘိုးတော်ဘုရားလက်ထက်က ထင်ရှားကျော်ကြားခဲ့သော ရှေးစာဆိုပညာရှင်ကြီးဦးယာက "ကြော်သဲအုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး" ဟူ၍ လူးတားဖြင့် ရေးစပ်ခဲ့သည်။

မြန်မာလူမျိုးများသည် သီတင်းကျွတ်လရောက်သည်နှင့် ရတနာ သုံးပါးအား ကန်တော့ခြင်း၊ ရဟန်းသံဃာများအား ပူဇော်ကန်တော့ခြင်း၊ ဘိုးဘွားမိဘ သက်ကြီးရွယ်အိုများအား နူးညံ့သိမ်မွေ့သော နှလုံးသားဖြင့် ဝန်ချပူဇော်ကန်တော့ခြင်းအပြင် လူကြီးမိဘများထံမှ အဆုံးအမကို နာခံခြင်းပြုကြသည်မှာ မြန်မာလူမျိုးတို့၏ မြင့်မြတ်သော စေတနာ၊ သဒ္ဓါတရားအလှ၊ မနောအလှတို့ဖြစ်ပေသည်။ သီတင်းကျွတ်ပွဲတော်တွင် စေတီပုထိုး၊ ကျောင်းကန်ဇရပ်၊ လူနေအိမ်ခြေများတွင်လည်းကောင်း မိမိတို့၏ နေအိမ် ခြံဝင်းများအတွင်းတွင်လည်းကောင်း၊ လမ်းများပေါ်တွင်လည်းကောင်း၊ ဆီမီးခွက်ကလေးများ၊ ဖယောင်းတိုင်မီးများ၊ ရောင်စုံမီးပုံးများကို စီစီရီရီဖြင့် ထွန်းညှိပူဇော်ထားကြသည်မှာ ကျက်သရေရှိသောမြင်ကွင်းပင် ဖြစ်ပေသည်။ ဟိုအရပ်၊ သည်အရပ်မှ ပျံတက်လာကြသည့် မီးပုံးပျံများကလည်း ကောင်းကင်ကို အလှဆင်ထားသကဲ့သို့ ရှိနေသည်။

သီတင်းကျွတ်လပြည့်နေ့သည် သာလွန်ထူးကဲသည့် ဓမ္မအဆီအနှစ် အဘိဓမ္မာ ဒေသနာတရားကို မြတ်စွာဘုရားရှင် ဟောကြားတော်မူခြင်း၊ မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင်ဖြင့် ကြိုဆိုခြင်း၊ နူးညံ့သိမ်မွေ့သော နှလုံးသားများဖြင့် ဘိုးဘွားမိဘများကို ဝန်ချကန်တော့ရခြင်းတို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ထူးကဲမွန်မြတ်သည့် နေ့ထူးနေ့မြတ်ပင် ဖြစ်ပါသည်။ ဤသည်မှာ အခြားနိုင်ငံများနှင့်မတူ တွေ့ရခဲသည့် မြန်မာလူမျိုးတို့၏ မူပိုင်ချစ်စဖွယ် ဓလေ့ထုံးစံတစ်ခုပင်ဖြစ်သည်။ သီတင်းကျွတ်အခါရာသီနှင့်အတူ မြန်မာလူမျိုးတို့၏ ပွဲတော်များဖြစ်သည့် မီးထွန်းပွဲတော်ကျင်းပခြင်း၊ ဘာသာရေးဆိုင်ရာ ခိုင်မာသော သမိုင်းကြောင်းနောက်ခံရှိခြင်း၊ မွန်မြတ်သော အယူဝါဒနှင့် စိတ်ရင်းစေတနာကောင်းများရှိခြင်း၊ ပူဇော်ထိုက်သူကို ပူဇော်သည့် ကောင်းမွန်သော အစဉ်အလာကောင်းရှိခြင်း စသည့် မြန်မာတို့၏ နှလုံးသားအလှကို သိမြင်ခံစားစေနိုင်မည် ဖြစ်ပေသည်။

*ငွေလရောင်*

# ဝါးပိုးမွေးမြူရေးလုပ်ငန်းများ သက်တမ်း နုသေးသော်လည်း ပြည်တွင်းဈေးကွက် ထိုးဖောက်ရန်ပြင်ဆင်နေ



ဝါးပိုးမွေးမြူရေး လုပ်ငန်းများသည် မြန်မာနိုင်ငံတွင် လုပ်ငန်းသက်တမ်း နုသေးသော်လည်း ပြည်တွင်းဈေးကွက် ထိုးဖောက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ဝါးပိုးမွေးမြူရောင်းချသူများထံ ဆက်သွယ်မေးမြန်းထားသည့်အချက်အလက်များအရ သိရသည်။

ဝါးပိုးမွေးမြူခြင်းသည် မြန်မာနိုင်ငံသို့ (၂၀၁၈) ခုနှစ်နောက်ပိုင်းကမှ စတင်ဝင်ရောက်လာခြင်းဖြစ်ပြီး လက်ရှိ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝါးပိုးမွေးမြူရေးလုပ်ငန်း (၁၀)ခုအထိ ရှိပြီဖြစ်ကြောင်း သိရသည်။

"အဓိကက ဝါးပိုးက အပူဒဏ်မခံနိုင်ဘူး။ အရင်က မန္တလေးတို့ ပျဉ်းမနားတို့မှာ မွေးကြတယ်။ မွေးကြတော့ ဘာဖြစ်လည်းဆိုတော့ အရွယ်ရောက်တဲ့အချိန်မှာ အပူချိန်မြင့်တဲ့ဒဏ်ကို မခံနိုင်တော့ အဲဒီမှာ ပြုတ်ကုန်တာ။ ရန်ကုန်နဲ့အောက်ပိုင်းမှာက ရာသီဥတုက မျှတတယ်။ အဲဒီတော့ အပူပိုင်းအချိန်မှာက အပူဆုံးအချိန်မှာတောင် ၃၅ ဒီဂရီလောက်ပဲဆိုတော့ ရန်ကုန်မှာက အဆင်ပြေတယ်။ တင်ပို့မှုအပိုင်းမှာလည်း ရန်ကုန်က ကျန်တဲ့နေရာတွေအကုန်ကို ကားရောက်တာဆိုတော့ အဆင်ပြေတာပေါ့။ ရှမ်းပြည်လည်းမွေးတယ်။ ဒါပေမယ့် ဘာအခက်အခဲဖြစ်လည်းဆိုတော့ တစ်နေရာနဲ့တစ်နေရာတင်ပို့ဖို့ကျတော့ နှစ်ဆင့်ပို့ရတာရှိတယ်။ ရန်ကုန်ကတော့ ဈေးကွက်အနေနဲ့က အားသာချက်များတာပေါ့နော်"ဟု ဝါးပိုးမွေးမြူသူတစ်ဦးက ပြောသည်။

ထို့ကြောင့် ဝါးပိုးမွေးမြူခြင်းမှ ထုတ်ကုန်ကိုလက်ရှိကာလတွင်ပြည်တွင်းဈေးကွက်ထိုးဖောက်ရန် ပြင်ဆင်လျက်ရှိပြီး ထိုမှတစ်ဆင့် ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်ရန် ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အထက်ပါသတင်းရင်းမြစ်က ဆိုသည်။

"အခုကတော့ **တစ်နိုင်တစ်ပိုင်လေးတွေကနေ ပြည်တွင်းဈေးကွက် ခိုင်မာအောင် တည်ဆောက်မယ်။ ပြည်တွင်းဈေးကွက်လည်း ငြိမ်သွားပြီဆိုရင် ပြည်ပကို Export တင်ပို့နိုင်ဖို့အတွက်လည်း ကြိုးစားမှာပေါ့နော်။** ဖြည်းဖြည်းချင်းတော့ သွားရမှာပေါ့။ မသွားလို့လည်း မရဘူးလေ"ဟု ၎င်းက ဆက်ပြောသည်။ **ဝါးပိုးကို နေအိမ်များတွင်ပင် တစ်နိုင်တစ်ပိုင် မွေးမြူနိုင်သည့်အပြင် ဈေးကွက်တွင်လည်း တစ်ကီလိုဂရမ်လျှင် ငွေကျပ် (၂၅၀၀၀) အထိ** ဈေးရှိသည့်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာနိုင်သော မွေးမြူရေးလုပ်ငန်းဖြစ်ကြောင်း သိရသည်။

အင်းဆက်နှင့် ဝါးပိုးမွေးမြူခြင်းကို အိမ်နီးချင်းနိုင်ငံများဖြစ်သော တရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့တွင် စီးပွားဖြစ်မွေးမြူနေကြပြီး တစ်ဖက်တစ်လမ်းမွေးမြူရေးလုပ်ငန်းမှ နိုင်ငံတော်အတွက် နိုင်ငံခြားဝင်ငွေများလည်း ရှာဖွေပေးနေလျက်ရှိကြောင်း သိရသည်။ *ခွန်*

# ပြည်ပဈေးကွက်အသစ်များရှာ၍ သရက်သီးအနှစ်ကိုသာ ဦးစားပေးတင်ပို့ရန် စီစဉ်လျက်ရှိ

လာမည့်ရာသီတွင်ပြည်ပဈေးကွက်အသစ်များရှာဖွေ၍ သရက်သီးအလုံးလိုက်အစား အနှစ်ကိုသာ ဦးစားပေးတင်ပို့ရန် စီစဉ်နေကြောင်း မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ဈေးကွက်အတွင်းရှိ စိန်တစ်လုံးသရက်၊ မချစ်စုသရက်နှင့် ပတ္တမြားငမောက်သရက်တို့ကို ရုရှားနိုင်ငံနှင့် စင်္ကာပူနိုင်ငံအပါအဝင် နိုင်ငံအချို့ကို တန်ချိန်ဖြင့် သရက်သီးအလုံးလိုက် နှစ်စဉ် တင်ပို့လျက်ရှိရာ ပြီးခဲ့သည့်နှစ်က လမ်းကြောင်းအခက်အခဲများကြောင့် အနည်းငယ်သာ တင်ပို့နိုင်ခဲ့ပြီး အရည်အသွေးပေါ်မူတည်၍ တစ်တန်လျှင် (၁၀)သိန်း မှ သိန်း (၂၀)ကြား ရရှိကြောင်း သိရသည်။

ထို့ပြင် စိန်တစ်လုံးသရက်၊ ရင်ကွဲသရက်နှင့် ပတ္တမြားငမောက်သရက်တို့၏ သရက်သီးအနှစ်များကိုလည်း စည်သွပ်ဘူးများဖြင့် အေးခဲ၍ ပြီးခဲ့သည့် သရက်တင်ပို့ရာသီက စမ်းသပ်တင်ပို့ခဲ့ရာ ဈေးကောင်း ရရှိခဲ့ကြောင်းလည်း သိရသည်။

အနှစ်အမျိုးအစားလိုက် ဈေးနှုန်းကွာခြားမှုရှိပြီး အနှစ်တစ်တန်လျှင် (၁၅) သိန်းထက်မနည်း ပေါက်ဈေးရှိကာ ပြည်တွင်းတွင်သာမက ပြည်ပတွင်လည်း ဝယ်လိုအားများနေကြောင်းလည်း သိရသည်။

"နောက်နှစ်တော့သရက်သီးအနှစ်ကို ဦးစားပေးတင်ပို့ဖို့ ပြင်ဆင်နေတယ်။ **လာမယ့် ရာသီမှာ သရက်သီးအနှစ်ကို ဦးစားပေးပို့မယ်။ အသီးနဲ့ အနှစ်ယှဉ်ရင် အနှစ်ပို့တာ ပိုအဆင်ပြေတယ်။ မျိုးလည်း ကျန်ရစ်ခဲ့တယ်။** သရက်သီးအနှစ်လုပ်တာက အခွံခွာ၊ အစေ့ဖယ်ပြီး စက်နဲ့ ကြိတ်လိုက်တာပဲ။ စည်သွပ်ဘူးနဲ့ ထည့်မယ်ဆိုရင်တော့ သင့်တင့်တဲ့ Temperature တစ်ခုကိုထားပြီး စည်သွပ်ဘူးကို ပိုးသတ်ပြီး ထည့်တာ။ Chemical တွေ မပါကြဘူး။ ရိုးရှင်းပါတယ်။ ပို့ရတာလည်း အဆင်ပြေတယ်။ အရင်ကတော့ စမ်းလုပ်ကြည့်တယ်။ မနှစ်ကမှ စပို့တာ။ ဟိုရက်ကလည်း ဘယ်လာရုစ်နိုင်ငံကို ပို့ဖို့လည်း အစည်းအဝေးလုပ်ကြသေးတယ်။ ဒါကလည်း SOP ဆွဲတုန်းရှိပါသေးတယ်။ ဈေးကွက်တွေ ချဲ့နေတယ်။ ကိုဗစ်မတိုင်ခင်တုန်းက ဂျပန်ကို ပို့ဖို့လုပ်သေးတယ်။ ကိုဗစ်ဖြစ်သွားတော့ ဂျပန်စက်ရုံတွေ ရပ်သွားတာလေ။ အခုတော့ ထပ်ပြီး ဈေးကွက်ရှာနေတယ်" ဟု မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

လက်ရှိတွင် **မြန်မာ့သရက်ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေဖြင့် သရက်သီးအနှစ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ စံချိန်စံနှုန်းမီစွာ ထုတ်လုပ်တင်ပို့နိုင်ရန် Value Product Training များ ပြုလုပ်သင်ကြားပေးလျက်ရှိကြောင်း** သိရသည်။

*ရွှေစင်*

# လာမည့်လမှစ၍ ဘဏ္ဍာနှစ်ကုန်အထိ ပြည်ပသို့ ဆန်တန်ချိန် သုံးသိန်းတင်ပို့ရန် လျာထား

လာမည့် အောက်တိုဘာလမှစ၍ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကုန်အထိ ပြည်ပသို့ ဆန်တန်ချိန် သုံးသိန်းတင်ပို့ရန် ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် ၂၀၂၅ ခုနှစ်၊ မိုးစပါးရာသီ၊ ကောက်စောစပါး အနည်းငယ်စတင်ပေါ်ထွက်နေပြီး ဒေသအချို့တွင် စပါး/ဆန် ဝယ်လိုအားကျဆင်းနေ၍ ဈေးနှုန်းများ ကျဆင်းပြီး စပါးစိုက်တောင်သူလယ်သမားများ စိုးရိမ်ပူပန်နေရကာ တောင်သူလယ်သမားများ၏ ဝင်ငွေ ထိခိုက်နိုင်ကြောင်း သုံးသပ်တင်ပြချက်များ ပေါ်ထွက်နေကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်သည် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဩဂုတ်လကုန်အထိ တစ်လလျှင် ဆန်တန်ချိန် နှစ်သိန်း ပုံမှန်တင်ပို့နေကြောင်း သိရသည်။

**ထို့နောက် စက်တင်ဘာလတွင် တန်ချိန် နှစ်သိန်း၊ အောက်တိုဘာလမှစ၍ ၂၀၂၆ ခုနှစ်၊ မတ်လအထိ နောက်ပိုင်းလများတွင် တစ်လလျှင် တန်ချိန် သုံးသိန်းစီ ပြည်ပတင်ပို့နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။** ထို့နောက် မြန်မာနိုင်ငံမှ ဆန်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရေးကိုလည်း ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။

သို့သော်လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးနှုန်းများလည်း ကျဆင်းနေလျက်ရှိရာ မြန်မာနိုင်ငံမှ ဆန်ဝယ်သော ဖိလစ်ပိုင်နှင့် ပါကစ္စတန်နိုင်ငံတို့က ယခုနှစ်တွင် အဝယ်နည်းနေကြောင်း ဆန်၊ စပါးကုန်သည်တစ်ဦးကဆိုသည်။

"အခုက နိုင်ငံတကာဆန်ဈေးကွက်ကလည်း ကျနေတဲ့အခါကျတော့ ကျွန်တော်တို့ မြန်မာပြည်က ဆန်ဝယ်တဲ့ ဖိလစ်ပိုင်တို့၊ ပါကစ္စတန်တို့ ဆန်အဝယ်နည်းတာပေါ့။ ဆန်အဝယ်နည်းတော့ အဓိက ကတော့ အဲဒီလိုမျိုးဖြစ်တာပါ။ နိုင်ငံတကာဆန်ဈေးကလည်း ကျဆင်းတယ်။ နိုင်ငံတကာက အဝယ်နည်းတယ်ပေါ့။ နည်းတော့ ဒီကဆန်ကလည်း ဈေးကောင်းမရဖြစ်နေတာပေါ့"ဟု ၎င်းကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံမှဆန်ကို ပြည်ပသို့တင်ပို့ရာတွင် နယ်စပ်ကုန်သွယ်ရေးကို အသုံးမပြုနိုင်သည့်အတွက် ပင်လယ်ရေကြောင်း ကုန်သွယ်ရေးကိုသာ အသုံးပြုနေရကြောင်း သိရသည်။ *ခွန်*

# မျှစ်ခြောက်ကို ဂျပန်က အမှာများသော်လည်း ၁၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေး

မျှစ်ခြောက်ကို ဂျပန်က အမှာများသော်လည်းကုန်ကြမ်းအခက်အခဲကြောင့် ၁၀ ရာခိုင်နှုန်းခန့်သာ တင်ပို့နိုင်သေးကြောင်း မျှစ်နှင့် ဝါးစိုက်ပျိုးထုတ်လုပ်သူအသင်း ဥက္ကဋ္ဌ ဦးသူရိန်ထွန်းက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ပြည်တွင်းဈေးကွက်၌ ရောင်းချလျက်ရှိသည့် မျှစ်စိုနှင့် မျှစ်ခြောက်များကို လက်ရှိတွင် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ တရုတ် (တိုင်ပေ) နှင့် ဂျပန်နိုင်ငံများသို့လည်း တင်ပို့ရောင်းချမှုများရှိနေကြောင်း သိရသည်။ "**ပို့ကုန်တွေကတော့ တရုတ်၊ ထိုင်း၊ တရုတ် (တိုင်ပေ) နှင့် ဂျပန်ကို ပို့နေတယ်။ အခုလောလောဆယ် ဝါးပိုးမျှစ်ခြောက်ရယ်၊ မျှင်မျှစ်ခြောက်ရယ် တင်ပို့နေပါတယ်။ မျှင်မျှစ်ခြောက်ကတော့ အိမ်နီးချင်းနိုင်ငံ တရုတ်ရယ်၊ ထိုင်းရယ်ကိုပို့ပေးနေတယ်။ ဝါးပိုးမျှစ်ခြောက်ကတော့ ဂျပန်ကို ပို့နေတယ်။** ဂျပန်ကတော့ ကုမ္ပဏီတစ်ခုတည်းကို တန် ၂၀၀ လောက် လိုချင်တာ။ ကျွန်တော်တို့ဘက်က ကုန်ကြမ်းလုံလောက်မှုမရှိလို့ (၇)တန်၊ (၁၀)တန်ပဲ ပို့နိုင်ပါတယ်။ ကုန်ကြမ်းလုံလောက်မှုမရှိတာကလည်း သဘာဝစိုက်ခင်းတွေကနေ ဖြစ်သလိုချိုးနေတာများတယ်"ဟု ဦးသူရိန်ထွန်းက ပြောသည်။

ထို့ကြောင့် ပြည်ပဝယ်လိုအားပြည့်မီစွာ တင်ပို့နိုင်ရေးအတွက် ဝါးစိုက်ပျိုးမြေများကို အစိုးရထံမှ တောင်းခံထားပြီး စိုက်ပျိုးမြေရရှိပါက မျိုးကောင်းမျိုးသန့်များကို စနစ်တကျ စိုက်ပျိုး၍ ပြည်ပလိုအပ်ချက်အတိုင်း တင်ပို့နိုင်ရန် မျှော်မှန်းထားကြောင်းလည်း သိရသည်။

"ဝါးစိုက်ခင်းထောင်ဖို့အတွက်ကို နိုင်ငံတော်အစိုးရဆီမှာ ဝါးစိုက်ပျိုးမြေဧကတွေ တောင်းခံထားတာ ရှိပါတယ်။ **လုပ်ငန်းရှင်တွေ ပူးပေါင်းပြီး ကိုယ်ပိုင်ဝါးစိုက်ခင်းလုပ်ဖို့ သက်ဆိုင်ရာဌာနအသီးသီးကနေ လျှောက်နေပါတယ်။** လောလောဆယ်တော့ တရားဝင်စိုက်ခွင့် မရသေးပါဘူး။ မြေတော့ ပေးမယ်လို့ပြောထားပါတယ်။ ကိုယ်ပိုင်စိုက်ခင်းနဲ့ စနစ်တကျစိုက်ပျိုးနိုင်ရင် ပြည်ပက လိုအပ်ချက်အတိုင်း ကျွန်တော်တို့ ပို့နိုင်မယ်လို့ ယူဆပါတယ်။ ကိုယ်တိုင်စိုက်ပျိုးနိုင်ရင် မျိုးကောင်း မျိုးသန့်ကိုလည်း ထုတ်လုပ်နိုင်မယ်လို့ မျှော်မှန်းထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် ပြည်ပဈေးကွက်၌ မျှစ်ခြောက် တစ်တန်လျှင် ဒေါ်လာ (၁၈၀၀၀) မှ (၂၀၀၀၀)ကြား ရရှိကြောင်း သိရသည်။

*ရွှေစင်*

# အရိပ်ရရုံသာမက ပျက်စီးနေသော မြေဆီလွှာကိုပါ ထိန်းသိမ်းပေးသည့် အညာချယ်ရီပင်များကို စိုက်ပျိုးသင့်

အရိပ်ရရုံသာမက ပျက်စီးနေသော မြေဆီလွှာကိုပါ ထိန်းသိမ်းပေးသည့် အညာချယ်ရီပင်များကို စိုက်ပျိုးသင့်ကြောင်း ရေနံ့သာဒင်းဂါး သစ်ပင်စိုက် ပရဟိတအဖွဲ့တည်ထောင်သူကိုရေနံ့သာဒင်းဂါးက ပြောသည်။

“အရိပ်ရ၊ လေကာပင်စိုက်မယ်ဆိုရင် စိုက်သင့်တဲ့အပင်ထဲမှာ ပါတယ်ဗျ။ ကွင်းပြင်ခေါင်ခေါင်ကြီးတွေ၊ ပဲခင်း၊ နှမ်းခင်းကြီးတွေထဲမှာဆိုရင် ပေ (၃၀၊ ၄၀) ကြားမှာ ဒီဟာကို အတန်းလိုက်စိုက်ထားလိုက်ရင် မြေဆီလွှာထိန်းပြီးသား ဖြစ်သွားတာပေါ့။ ပြောမယ်ဆိုရင် မြေပဲတွေ၊ နှမ်းတွေက နုတ်ပြီးလို့ရှိရင် နေကအရှမ်းပူပြီး မြေကြီးတွေက ကျွတ်ဆတ်သွားတာဆိုတော့ ဒီအပင်က မြေဆီလွှာကို ကောင်းစေတယ်။ နောက်ပြီး **သူက လေထုထဲက နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းဆုပ်ပြီးတော့ မြေကြီးထဲကို ပို့ပေးနိုင်တာဆိုတော့ မြေကြီးအတွက်လည်း သဘာဝအတိုင်း မြေဩဇာပိုကောင်းတာပေါ့နော်ဗျာ**” ဟု ၎င်းက ရှင်းပြသည်။ ထို့ပြင် ကြွက်များ ပေါများသည့် ယာခင်းများ၌ ၎င်းကို စိုက်ပျိုးထားပါက ကြွက်မျိုးပွားနှုန်း နည်းပါးလာစေသည့်အတွက် ကြွက်သတ်ဆေးအနေဖြင့်လည်း အသုံးပြုကြကြောင်း သိရသည်။

**“ကြွက်တွေပေါတဲ့ ယာခင်းတွေမှာဆိုရင် သူ့ကိုစိုက်ပျိုးခြင်းအားဖြင့် ကြွက်တွေက အစာမရှိလို့သူ့ရဲ့အခေါက်ကိုစားမိရင် မျိုးဆက်ပြီးတော့ မပွားတော့တာပေါ့။ မြုံသွားတဲ့ပုံစံမျိုးပေါ့။ သူ့အခေါက်မှာ အဲဒီဓာတ် ပါတာပေါ့”**ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

တန်ဖိုးရှိအပင်များကို ယင်းအပင်နှင့် တွဲလျက်စိုက်ပျိုးပါက ပိုမိုဖြစ်ထွန်းနိုင်ခြင်း စသည့်အားသာချက်များလည်း ရှိကြောင်း သိရသည်။ “ဒီအပင်က ဘယ်သီးနှံပင်မျိုးမဆို အကုန်တွဲစိုက်လို့ ရပါတယ်ခင်ဗျ။ ဒီရေနံချောင်း၊ ချောက်တို့ဆိုရင် မြေကြီးသိပ်မကောင်းဘူး။ အပင်လည်း သိပ်မဖြစ်ဘူးဆိုရင် ကျွန်တော်တို့က ပထမဆုံး ဒီအပင်ကို အရင်စိုက်လိုက်တာပေါ့။ သူက အကြမ်းခံတယ်ဆိုတော့လေ။ စိုက်လိုက်ပြီးမှ သူ့အနားကို အခြားအပင်နဲ့ တွဲစိုက်လိုက်ရင် အခြားအပင်က ပိုပြီးအဖြစ်မြန်တာပေါ့။ နောက်ပြီး သူက ရေငတ်ဒဏ်လည်း ခံနိုင်တာဆိုတော့ ဘယ်လောက်ပဲပူပူဗျ ရှင်တယ်လေ။ ရှင်တော့ကျတော့ သူ့ကို အရင်စိုက်လိုက်ပြီးမှ ကျွန်တော်တို့စိုက်ချင်တဲ့ တန်ဖိုးကြီးတဲ့အပင်တွေ စိုက်ချင်ရင် တွဲပြီးစိုက်လိုက်။ အဲဒါဆိုရင် မြန်မြန်ကြီးတာပေါ့” ဟု ၎င်းက ထည့်သွင်းပြောကြားသည်။ *ဒေစီမေ*

# ပြည်တွင်းဝယ်လိုအားများနေသောကြောင့် ရှမ်းဒေသထွက် ပန်းဂေါ်ဖီစိုက်သူများ ယခင်နှစ်ထက် အမြတ်ပိုရ

ပြည်တွင်းဝယ်လိုအား များနေသောကြောင့် ရှမ်းဒေသထွက် ပန်းဂေါ်ဖီစိုက်သူများ ယခင်နှစ်ထက် အမြတ်ပိုရနေကြောင်း အောင်ပန်းကုန်စည်ဒိုင်မှ သိရသည်။ ယခင်နှစ်များက ပြည်တွင်းဈေးကွက်အတွင်း ရှမ်းပြည်နယ်မှ ပန်းဂေါ်ဖီများသည် ကျပ် (၁၀၀၀)မှ (၁၂၀၀) ဝန်းကျင်သာ ဈေးပေါက်ခဲ့သော်လည်း လက်ရှိတွင်မူ ရှမ်းပြည်ဈေးကွက်တွင်ပင် ငွေကျပ် (၃၀၀၀)အထိ ဈေးကောင်းရနေကြောင်း သိရသည်။

“ဂေါ်ဖီက တစ်ထုပ်ဆိုနှစ်ရက်လောက် ခွဲချက်ရတယ်။ ပန်းပွင့်တစ်ပွင့်က တစ်ခါတည်း တစ်ပွင့်ချက်လို့ကုန်သွားတယ်။ ဒီမှာတင် စားသုံးသူ End user ရဲ့ မီးဖိုးချောင်အခြေအနေမှာကိုက ပန်းပွင့်က အကုန်မြန်တဲ့သဘော။ ဒါကတစ်ချက်။ နောက်တစ်ချက်က ဂေါ်ဖီက ပုံမှန်အချိန်မှာဆို အဓိကဆွဲနေတာက နံပါတ်(၁)က မန္တလေး-မြစ်ကြီးနား၊ ဗန်းမော်၊ ဖားကန့်။ နံပါတ်(၂)က အောင်ပန်း -မြဝတီ ဒီလမ်းကြောင်းတွေမှာ (၁၂) ဘီးကားတွေနဲ့ အစင်းလိုက်ဆွဲတာ။ အဲဒီလမ်းကြောင်းတွေကို မနှစ်က ကျွန်တော် ကြည့်လိုက်တော့ အခြေအနေသိပ်မကောင်းနေတာတွေ့ရတယ်။ အဲ့ဒါနဲ့ ပန်းပွင့်ကို အဓိက စိုက်ပါလို့ပြောပေးခဲ့ရတာပဲ။

**ပန်းပွင့်ရဲ့ နောက်တစ်ခု အားသာချက်က ရန်ကုန် သီရိမင်္ဂလာဈေး၊ ထောက်ကြန့်၊ တည်င်းကုန်းက ဆွဲတာပဲ။ ပြီးတော့ မန္တလေး နေပြည်တော်နဲ့ အလယ်ပိုင်း တစ်ဝိုက်ကလည်း ရှိတယ်။** ဂေါ်ဖီထက်ကို ပန်းပွင့်ကိုပိုကြိုက်ကြတယ် ” ဟု အောင်ပန်းကုန်စည်ဒိုင်မှ တာဝန်ရှိသူတစ်ဦးက ဒို့ကျေးရွာဂျာနယ်သို့ ပြောသည်။

ထို့ကြောင့် ရှမ်းပြည်မှ ပန်းဂေါ်ဖီစိုက်တောင်သူများအနေဖြင့် ယခင်နှစ်များက အရှုံးပေါ်ခဲ့သော်လည်း ယခုနှစ်တွင်မူ အမြတ်အစွန်း များစွာရရှိနေကြောင်း သိရသည်။ “အခုနှစ်ကလည်း ကျွန်တော်က ပန်းပွင့်ပဲ စိုက်ခိုင်းတယ်။ ဂေါ်ဖီမစိုက်ခိုင်းဘူး။ စိုက်ရင်လည်း လျှော့စိုက်ပေါ့နော်။ ပန်းပွင့်က အလားလာ ကောင်းတယ်လို့မြင်မိတာပေါ့။ အဲဒီတော့သူတို့ကလည်း ကျွန်တော်တို့ အကြံပေးတဲ့အတိုင်း စိုက်ကြတယ်ပေါ့နော်။ ဒီနှစ်က ဈေးတက်တာနဲ့ ကွက်တိလာတိုးနေတော့ မှန်တာဖြစ်တာပေါ့”ဟု ၎င်းက ဆက်ပြောသည်။ *ခွန်*

# AI တိုးတက်လာခြင်းနှင့်အတူ ရုပ်ပုံဗွီဒီယိုများကို အတု၊ အစစ် သတိထားဆင်ခြင်ရန် လိုအပ်လာ

AI တိုးတက်လာခြင်းနှင့်အတူ ပြည်သူများအကြား ရုပ်ပုံ၊ ဗွီဒီယိုများကို အတု၊ အစစ် သတိထားဆင်ခြင်ရန် လိုအပ်လာကြောင်း AI နည်းပညာကျွမ်းကျင်သူတစ်ဦးက ဒို့ကျေးရွာဂျာနယ်ကတစ်ဆင့် ပြည်သူများထံ အကြံပြုပြောကြားသည်။

AI နည်းပညာ ကျယ်ပြန့်လာခြင်းနှင့်အတူ ထင်ယောင်ထင်မှား ဖန်တီးနိုင်စွမ်းလည်း မြင့်တက်လာနေပြီး လူပုဂ္ဂိုလ်တစ်ဦးက မပြောဘဲ ပြောသည့်အသွင် အတုအပပြုလုပ်ခြင်းမှသည် အမျိုးသမီးများ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရနိုင်သော အခြေအနေအထိ စိန် ခေါ်မှု ရှိလာသည်။

“အရင်ကဆို AI က ဓာတ်ပုံထုတ်မယ်ဆိုလူအစစ်ပုံတူတွေမှာ တစ်ခုမဟုတ်တစ်ခုက အမြဲလွဲတယ်။ ဥပမာ လက်မပါတာ၊ ခြေထောက်မပါတာမျိုး Error ရှိတယ်။ အခုက တဖြည်းဖြည်းပီပြင်လာနေတာ ဆိုတော့ **နောက်ပိုင်းမှာ သိသိသာသာပဲ လူနဲ့ခွဲမရအောင် Image Generator က တူအောင်လုပ်လာနိုင်ပြီ။ မြန်မာအမျိုးသမီးဆိုလည်း မြန်မာအမျိုးသမီးပေါ့နော်။ အဝတ်အစားကအစ အပြင်က မြန်မာအမျိုးသမီးတွေဝတ်သလိုမျိုး တူလာတယ်။ နောက်တစ်ခုက အမှောင်ဘက်ခြမ်းမှာ သတိထားစရာက အပြာဆန်ဆန်ပုံတွေလည်း ထုတ်လို့ ရလာနေတယ်”** ဟု ယင်းက ဆိုသည်။

ယင်းသို့ တိုးတက်လာသော နည်းပညာနောက်တွင်အခြားဆင့်ကဲတိုးတက်မှုကလည်း ဖြစ်ပေါ်နေရာ ပိုမိုသတိထားဖွယ်ဖြစ်လာကြောင်း ၎င်းက ထောက်ပြသည်။ “အခုက နောက်ထပ် ဘယ်လိုဖြစ်လာသလဲဆိုတော့ မြင်ပါလိမ့်မယ်။ ဓာတ်ပုံကို AI နဲ့ လူတစ်ယောက် စကားပြောသလိုမျိုး လုပ်လာနိုင်တာပေါ့။ ဒါက နောင်မှာ နိုင်ငံရေးသမားတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ အရာရှိကြီးတွေ မပြောပဲ ပြောသလိုလုပ်ပြီး နိုင်ငံရေးမှာ အနှောက်အယှက် ပြုလာနိုင်တယ်။ ဒါက နိုင်ငံရေး။ နောက် လူမှုရေးမှာဆို ဝတ်လစ်စလစ်ပုံတွေ ထုတ်လို့ရတဲ့ အခမဲ့ AI တွေ ရှိလာတယ်။ ပုံထုတ်ပြီး AI နည်းပညာနဲ့ပဲ မျက်နှာပြောင်းလို့ရတယ်။ နောက်တစ်ခါ ဓာတ်ပုံကို AI နဲ့ ဝတ်လစ်စလစ်ပုံ လုပ်လို့ရလာတယ်။ ဒါကလည်း အမျိုးသမီးတွေကို လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုလုပ်လာနိုင်တာပေါ့” ဟု ၎င်းက ဆိုသည်။

လက်ရှိ မြန်မာနိုင်ငံ၏ အခြေအနေအရ အခမဲ့ AI ကိုသာ အများဆုံး အသုံးပြုနိုင်ကြသော်လည်း ယင်းအခမဲ့ AI များကပင် အဆင့်မြင့်လာနေကြောင်း ၎င်းက ဆိုသည်။ **“သတင်းတု၊ သတင်းမှားတွေနဲ့ ပတ်သက်လို့လည်း ပုံတွေက လုပ်လို့ရတယ်လေ။ ဒီတော့ ဘယ်ဟာအတု၊ ဘယ်ဟာ အစစ်ဆိုတာ ခွဲခြားဖို့လိုလာတယ်။ အင်တာနက်ပေါ် သတင်းများ ပြန့်နှံ့မှုအတွက်လည်း AI ကို အသုံးချလာတာ မြင်နေရတယ်”** ဟုအထက်ပါ နည်းပညာကျွမ်းကျင်သူက ဆိုသည်။

ထို့အပြင် AI နှင့် ပတ်သက်၍ ဥပဒေများတွင် ဖြည့်စွက်၊ ပြင်ဆင်ရန်လိုအပ်ကြောင်း အငြိမ်းစား ရဲမှူးကြီးတစ်ဦးက ထောက်ပြပြောကြားသည်။ “ဆက်နွယ်တဲ့ဥပဒေတွေမှာ ထပ်ပြီးတော့ AI နဲ့ပတ်သက်တဲ့ ဖြည့်စွက်စရာရှိရင်ဖြည့်စွက်ရမှာတွေရှိတယ်။ ဥပမာအားဖြင့် တရားရုံးမှာသက်သေခံတဲ့ကိစ္စကို ဟိုတုန်းကဆိုရင် CD တို့ တိပ်ခွေတို့ဆိုရင် သက်သေခံမဝင်သေးဘူးလေ။ အခုနောက်ပိုင်းကျမှ သက်သေခံအဖြစ်တင်ပြလို့ရတာ။ CD တို့ တိပ်ခွေတို့ ဓာတ်ပုံတို့ပေါ့နော်။ ဖြည့်စွက်သင့်တာဖြည့်စွက်ရမယ်။ ပြင်ဆင်ပြဋ္ဌာန်းသင့်တာလည်း ပြဋ္ဌာန်းဖို့လိုအပ်တယ်” ဟု ၎င်းကပြောသည်။ *သန်းဇော်မင်း*

# အဝယ်လိုက်လျက်ရှိသော မြင်းမွေးမြူရေးလုပ်ငန်း

ရောဝတီတိုင်းဒေသကြီးတွင် ဝါသနာအရ မြင်းမွေးမြူရာမှ အဝယ်လိုက်လာသောကြောင့် စီးပွားဖြစ်မွေးမြူသူများပင် ရှိလာကြောင်း မြင်းမွေးမြူရေးလုပ်ကိုင်သူများထံ ဒို့ကျေးရွာဂျာနယ်က ဆက်သွယ်မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

ယခင်က မြင်းမွေးမြူခြင်းကို ကျေးလက်ဒေသများတွင် ငွေကြေးပြည့်စုံသူများနှင့် ဝါသနာအရမွေးမြူသူများက ရှင်ပြုပွဲနှင့် မြင်းပြိုင်ပွဲများအတွက်သာ မြင်းကိုအသုံးပြုခဲ့ကြောင်း သိရသည်။ လက်ရှိတွင်မူ ရောဝတီတိုင်းအတွင်း မွေးမြူသော မြင်းမျိုးနှင့် အရည်အသွေးပေါ်မူတည်ကာ နယ်ကျော်ဝယ်ယူလာသော မြင်းအရောင်းအဝယ်ပွဲစားများလည်းရှိလာသဖြင့် စီးပွားဖြစ် မွေးသူများရှိလာကြောင်း သိရသည်။

“လက်ရှိကတော့ မြင်းအရောင်းအဝယ်တော်တော်ကောင်းလာတယ်။ ရှမ်းပြည်ဘက်က ဆင်းဝယ်ကြတာလည်းများတယ်။ တခြားနေရာတွေမှာလည်း ဝယ်ပါတယ်။ ကျွန်တော်တို့နယ်မှာတောင် မြင်းတော်တော် မွေးကြတာ။ အိန္ဒိယမြင်းမျိုးလည်းရှိတယ်။ သူကတော့ ကျွန်တော်တို့ ရောဝတီတိုင်းမှာတော့ သိပ်မဝယ်မွေးကြဘူးဗျ။ ပဲခူးတို့ မိတ္ထီလာတို့မှာလည်း မွေးတယ်” ဟု ရောဝတီတိုင်းဒေသကြီးမှ စီးပွားဖြစ် မြင်းမွေးနေသူတစ်ဦးက ပြောသည်။

ရောဝတီတိုင်းဒေသကြီးအတွင်း မြင်းမွေးမြူရေးကို ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ဓနုဖြူမြို့နယ်၊ ရေကြည်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်အပြင် အခြားသောမြို့နယ်အချို့တွင် မွေးမြူကြပြီး **ကျောက်မြင်းခေါ် အလုပ်သုံးမြင်းနှင့် ပြိုင်မြင်းခေါ် ပြိုင်ပွဲဝင်မြင်းများအား အရည်အသွေးနှင့် မျိုးပေါ်မူတည်ကာ ငွေကျပ် ရှစ်သိန်းမှ သိန်းရာကျော်အထိ ပေါက်ဈေးရှိကြောင်း သိရသည်။** “အနက် သီးသန့်ဆိုရင် အမြင့်ဆုံးက သိန်း (၈၀)လောက်ရှိတယ်။ လေးဘက်ဖြူနှာတန်းဆိုရင် သိန်း (၁၀၀) ကျော်ကျော်ပေးရတယ်။ မြန်မာမြင်းမျိုးတွေပဲ။ ရှမ်းပြည်ကနေလည်း ဆင်းဝယ်ပြီး ဈေးကောင်းလည်းပေးဝယ်တယ်။ သားဖောက်မယ်ဆိုရင်လည်း ငါးသိန်းဆို ငါးသိန်းပေးရတယ်။ ချိတ်ကလည်း အဲဒီဈေးပဲပေါက်တယ်။ အတူတူပါပဲ ကာလာပဲကွဲတယ်။ အဖြူကတော့ အပေါ်က နှစ်ခုထက်စာရင် ဈေးနိမ့်တယ်”ဟု အခြားမြင်းမွေးမြူသူတစ်ဦးက ပြောသည်။ ထို့ပြင် **မြင်းများကို သားစပ်ရန်အတွက်လည်း သီးသန့်မွေးမြူသည်များလည်းရှိနေပြီး သားစပ်ခအဖြစ်လည်း ငွေကျပ် နှစ်သိန်းမှ ငါးသိန်းအထိ ပေါက်ဈေးရှိ**ကြောင်း သိရသည်။ *သတိုးနေမျိုး*

အတွဲ(၂၂)၊ အမှတ်(၁၉)၊ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက် နိုင်ငံမြန်မာ ဂျာနယ်

# ဘဝအိပ်မက် ပန်းအိပ်မက်

**မစန္ဒာ**



ယခင်အပတ်မှအဆက်

"ကိုတူးက ဒီအသက်အရွယ်အထိ အိပ်ရာထဲမှာ သေးပေါက်တုန်းလားဟ"

"ပေါက်တုန်းပဲ အဘဖိုးထင်ရေ၊ နက်ဖြန်သကျရင်တော့ ဒီကောင့် ဟိုဒင်းကို သားရေကွင်းနဲ့ချည်ထားမှဖြစ်မယ်"

ဘဖိုးထင်က ခြင်ထောင်ကို ပင့်ထွက်လာကာ တဟဲဟဲနှင့်ရယ်နေသည်။ အိပ်ရာဘေးရှိနို့ဆီခွက်လွတ်ထဲမှ ဆေးလိပ်တိုလေးကို လှမ်းဆွဲကာ မီးညှိသည်။

"ဘဖိုးထင် အိပ်မပျော်ဘူးလား"

"ပျော်ပါတယ်ကွ ခုနကမှနိုးတာ၊ ဟိုအဘွားကြီးအော်နေတဲ့ အသံကြားလို့"

သံနေသံထားနှင့် ဘုရားရှိခိုးနေသော ဘွားရွှေ၏အသံက သူတို့တစ်တိုက်လုံး လွှမ်းခြုံထားသည်။ နာရီကိုလှမ်းကြည့်လိုက်တော့ နံနက်ငါးနာရီရှိပြီဖြစ်သည်ကို တွေ့ရသည်။

"အဲဒီအသံက ငါ့ရဲ့နှိုးစက်ပဲ၊ ဒီအချိန်ဆိုရင် ဒီအဘွားကြီးက အချိန်မှန်ထအော်တော့တာပဲ၊ ငါလည်းအိပ်ရာကနိုးပြီး ထထိုင်ရတော့တာပဲ"

ဦးထင်က မကျေမနပ်ပြောသည်။

"ဘုရားရှိခိုးတယ်ဆိုတာ အေးအေးချမ်းချမ်း သာသာယာယာနဲ့ ကြားရတဲ့သူ စိတ်ကြည်နူးလာအောင် ရှိခိုးတတ်မှကောင်းတာပေါ့ကွ၊ အခုဟာက ဒီအချိန်ဒီအခါမှာ ဘုရားရှိခိုးနေတယ်ဆိုတာကို တစ်ရပ်ကွက်လုံးကသိနေအောင် အသံကုန်ဟစ်နေတာကွ၊ သူ့အသံက ကြည်နူးဖို့နေနေသာသာ ငါ့ကွာ... ဟင်း... မပြောလိုက်ချင်ဘူး"

အခါတိုင်း စောစောနိုးလေ့မရှိသော ကိုဦးက ဘွားရွှေ၏ဘုရားရှိခိုးသံကို ယခင်က သတိမထားခဲ့မိပေ။ အခုမှသာ နားစိုက်၍ထောင်မိသည်။ ထို့နောက် မျက်နှာကြီးရှုံ့နေသော ဘဖိုးထင်ကို ကြည့်ကာ ရယ်မိသည်။ ဘွားရွှေ၏အသံက လိုအပ်သည်ထက် အများကြီး ပိုကျယ်နေသည်ကတော့ အမှန်ပင်။

ဦးထင်က ခြင်ထောင်ဘေးတွင် ဒူးတစ်လုံးထောင်ထိုင်ရင်း "အကျိုးနည်းဗျာ၊ သူ့ပါးစပ်ထဲမှာ လော်စပီကာကြီးများ ငုံထားလားမသိဘူး" ဟု စိတ်ပျက်လက်ပျက်နှင့် ရေရွတ်သည်။ ထို့နောက် ဆေးလိပ်မီးကို တရဲရဲဖြစ်လာအောင် ဆက်တိုက်ဖွာရှိုက်သည်။

"ငါလည်းသူနဲ့ ပြိုင်ရရင်ကောင်းမလား မသိပါဘူး" ဟုတွေးရင်း ကိုဦးတို့ဘုရားစင်ကိုမော်ကြည့်သည်။ ကိုဦးတို့၏ ဘုရားစင်က သူ့ဘုရားစင်လို ခြောက်ကပ်ကပ်မဟုတ်။ သပြေပန်း၊ သစ္စာပန်းများနှင့် ဝေဝေဆာဆာ လှလှပပရှိနေသည်။ ပြောင်လက်အောင်တိုက်ချွတ်ထားသော ကြေးသောက်တော်ရေခွက်များက မီးရောင်မှိန်မှိန်ဝယ် အရောင်လက်နေသည်။ ဘုရားစင်အောက်တွင် အသင့်ချိတ်ဆွဲထားသော ကြေးစည်လေးကိုတွေ့တော့ ဦးထင် သဘောကျသွားသလို ပြုံးရင်း နေရာမှထသွားသည်။ ဘုရားစင်အောက်မှ ကြေးစည်လက်ခတ်ကလေးကိုပါ အဆင်သင့်တွေ့တော့ အသံထွက်အောင်ပင် ရယ်လိုက်သည်။

"ကြားကြားသမျှ အမျှ... အမျှ... အမျှ ယူတော်မူကြပါ"

ဦးထင်က အသံကျယ်ကျယ်နှင့် ရေရွတ်ကာ ကြေးစည်လေးကို လက်ခတ်နှင့်ရွယ်ပြီး ခပ်သာသာ ရိုက်ခတ်လိုက်သည်။ သာယာညွှတ်နူးဖွယ် အသံလေးနှင့်အတူ ချာချာလည်သွားသော ကြေးစည်လေးကို ပြုံးပြုံးကြီး ကြည့်နေသည်။ ကြေးစည်လေး အလည်နှေးလာကာ အသံတိုးသွားတော့ ဘဖိုးထင်က ခုနကထက်ကျယ်သော အသံနှင့်ထပ်၍ ရေရွတ်ပြန်သည်။

"ကြားကြားသမျှ အမျှ... အမျှ... အမျှ ယူတော်မူကြပါ" သုံးကြိမ်သုံးခါ အမျှဝေကာ ကြေးစည်ကိုလည်း သုံးခါရိုက်ခတ်ပြီးသောအခါမှ သူ့ကိုတအံ့တသြကြည့်နေသော ကိုဦးအား လှည့်ကြည့်သည်။

"မင်းကို အောက်ထပ်က အဘွားကြီးမေးရင် အဘထင်က အစောကြီးကတည်းက နိုးနေတာ၊ ဘုရားရှိခိုးပြီးလို့ တရားထိုင်နေတာ၊ ဘွားရွှေ ဓမ္မစကြာရွတ်တော့မှ တရားဖြုတ်ပြီး အမျှဝေတာလို့ပြောနော်၊ ဟုတ်ပြီလား ကိုဦး၊ မင်းတို့ကို အဘပေါက်စီဝယ်ကျွေးမယ်နော်"

ဦးထင်က ကိုဦးအား နှုတ်ပိတ်ပြီး အိပ်ရာထဲပြန်ဝင်သည်။ ထို့နောက် ရယ်နေသော ကိုဦးအား "အစောကြီးရှိသေးတယ်၊ ပြန်အိပ်ဦးကွ" ဟု လှမ်းပြောသည်။ မကြာမီပင် သူ့ဆီမှ တခူးခူးနှင့် ဟောက်နေသော အသံထွက်ပေါ်လာလေသည်။

****************

ဦးထင်၏ အမျှဝေသံကြားတော့ ဒေါ်ရွှေနုတော်တော် အံ့သြသွားသည်။

"ကြုံကြုံရယ်မှ စည်စည်၊ သူ့မှာ ဘာကုသိုလ်များ အမျှဝေစရာရှိလို့လဲ၊ ကုသိုလ်ကောင်းမှုကို အမျှဝေတာ မဟုတ်ဘဲ သုရာမေရိယ အကုသိုလ်တွေကို အမျှဝေနေတာဆိုရင်တော့ ဒုက္ခ"

စိတ်ထဲမှ မလိုတမာတွေးလိုက်မိ၍ ဒေါ်ရွှေနုခမျာ ရွတ်လက်စ ဓမ္မစကြာပင် အထစ်ထစ်အငေါ့ငေါ့ဖြစ်သွားသည်။ ဦးထင်လို အမူးသမားကြီးက သူ့ထက်အလျင် အမျှဝေသွားတော့ အတော်ကလေး ကသိကအောက်ဖြစ်သွားသည်ကတော့ အမှန်ပင်။

"အို... ဘာပဲဖြစ်ဖြစ် သူက ငါ့လို ရွတ်တတ်ဖတ်တတ်လို့လား" ဒေါ်ရွှေနုက ရင်ထဲမှ အတွေးကိုဖျောက်လိုက်သည်။ ထို့နောက် အနတ္တလက္ခဏာသုတ်ကို အသံသာသာယာယာနှင့် (သူ့ကိုယ်သူထင်ခြင်းဖြစ်သည်) ဆက်၍ ရွတ်သည်။

"မေမေ"

ကဲကဲက သူ့မိခင်ကို အိပ်ရင်းမှ ယောင်ယမ်းပြီး ခေါ်နေသည်။ "အန်တီမွှေးရှိတယ်၊ ကဲကဲရေ အိပ်... အိပ်နော်" ဟုပြောသော မမွှေးကြူ၏ အသံနှင့်အတူ တဖျပ်ဖျပ် ပုတ်ပေးနေသော အသံကိုပါ ကြားရသည်။

"အင်း... ငါ့သမီးအပျိုကြီးလည်း ကံကောင်းကို ချစ်ရ၊ ကဲကဲတို့ မောင်နှမကို ချစ်ရနဲ့ သူများကလေးတွေကို ချစ်ရင်းပဲ အချိန်ကုန်တော့မယ်ထင်ပါရဲ့၊ ဒီတစ်သက်တော့ အိမ်ထောင်ပြုဖြစ်တော့မှာ မဟုတ်ပါဘူး"

အလွတ်ရနေသည့်အတွက်သာ နှုတ်မှအရှိန်ကောင်းကောင်းနှင့် အဆက်မပြတ်ရွတ်နေသော်လည်း စိတ်ကတော့ပျံ့ပြီး လွင့်ထွက်သွားပြန်သည်။

"အင်း... အပေါ်ထပ်က လူပျိုကြီးကတော့ ငါ့သမီးကို စိတ်ဝင်စားပုံပဲ၊ ဒါပေမယ့် အူတူတူ အတတနိုင်တာက ခက်လှတယ်"

မမွှေးကြူလေးစားချင်နေတာ ကြာလှပြီဟူသောအသံကို ပြန်လည်ကြားယောင်ရင်း ဒေါ်ရွှေနုက ရယ်ချင်သွားသည်။

"တစ်ခါများတာဆို တော်သေး၊ အခုတော့ ဘသားချောက နောက်တစ်ခါဆက်လိုက်သေးတယ်၊ ကျွန်တော်လေ မမွှေးကြူလေးကို အရမ်းစားချင်နေလို့ မှားပြီးပြောမိတာပါ၊ ငါးပိရယ်တဲ့ ဟီ ဟိ"

ဘုရားရှိခိုးနေသော ဒေါ်ရွှေနု၏ မျက်နှာသည် ပြုံးစိစိဖြစ်သွားသည်။ ရက်ရွံ့အားနာစွာ ရှိုးတိုးရှန့်တန့်ဖြစ်နေသော ကိုကောင်းထက်၏ ခရမ်းချဉ်သီးမှည့်ရောင် မျက်နှာကြီးကို အခုပြန်တွေးကြည့်လျှင် အခုရယ်ချင်သေးသည်။ မျက်နှာနားတွင် ခြင်တွေတဝီဝီဝဲလာတော့ ဒေါ်ရွှေနုသည် မှိတ်ထားသောမျက်စိကို မသိမသာဖွင့်ကာ ခြင်ဆေးခွေကို လှမ်းကြည့်သည်။ မီးညှိထားသော ခြင်ဆေးခွေက ဘယ်အချိန်က ငြိမ်းနေသည်မသိ။ ခြင်ဖို၊ ခြင်မ၊ ခြင်ပိစိကွေးတို့က ခြင်ဆေးခွေကို ပတ်ကာ စိန်ပြေးတမ်းကစားနေကြသည်။

"ဒီခြင်ဆေးခွေကလည်း ထွန်းလိုက်ရင်း ငြိမ်းလိုက်ရင်း တကယ့်ကို ကိုထွန်းငြိမ်း ခြင်ဆေးခွေပါပဲတော်"

လက်အုပ်ချီထားသော လက်တစ်ဖက်ကို အသာဖြုတ်ကာ ယောဂီတဘက်ကလေး ယမ်းပြီး ခြင်ခြောက်သည်။ လေထက်လည်းကောင်း၊ အလင်းနှုန်းထက်လည်းကောင်း၊ အဆပေါင်းများစွာ လျင်မြန်သောစိတ်က ကိုကောင်းထက်ဆီမှ ခြင်ဆေးခွေ၊ ထို့နောက် ခြင်ဆေးခွေဆီမှ မခင်လှ၏ မိခင်ကြီးဆီသို့ ချက်ချင်းရောက်သွားသည်။

မခင်လှ၏ မိခင်ကြီးသည် ခြင်ဆေးခွေကို ခြင်ဆေးခွေဟုပင်မခေါ် "ခြင်တွေကလည်း နေ့ခင်းတောင်မှ မနည်းပါလား၊ ကိုထွန်းငြိမ်းကလေး မထွန်းထားဘူးလား"ဟု ပြောတော့ ဘာပြောမှန်း သူချက်ချင်းပင် နားမလည်ခဲ့ပေ။ ထို့နောက် ခြင်ဆေးကိုပြောမှန်းသိပြီး "ဟုတ်ပါရဲ့တော်" ဟု ထောက်ခံကာ ရယ်ခဲ့ရသည်။

"အင်း... ခုတော့ သူ့ခမျာ သေရှာပြီ၊ ဒီအိမ်လာတုန်းက ငါနဲ့အတူတူ ဟောဟိုနားမှာ ထိုင်ပြီး စကားတွေပြောလိုက်ကြတာ"

စင်စစ် သူကချည်းသာ ပြောခဲ့ခြင်းဖြစ်ပြီး၊ ဟိုကနားထောင်သမား သက်သက်ဖြစ်သည်ကို သူမေ့နေသည်။ သူပြောသမျှ သတင်းပလင်းပေါင်းစုံကို ခေါင်းလေးတညိတ်ညိတ်နှင့် မညည်းမညူနားထောင်တတ်သူဖြစ်၍ သူကငယ်ပေါင်းကြီးဖော်လို နှစ်နှစ်ကာကာ ခင်မင်သွားခဲ့မိသည်။

"သူလာတုန်းက ဟောဟိုနားမှာ ပြန့်ပြန့်ကြီးထိုင်ပြီး လက်ဖက်တမြုံ့မြုံ့စားနေတာ အခုတော့ အခုတော့"

ဇာပဝါပါးပါးလွှမ်းကာ ပက်လက်ကြီးဖြစ်နေမည့် ရုပ်ခန္ဓာကြီးကိုတွေးပြီး မြင်ယောင်မိရင်း ဒေါ်ရွှေနု၏ ကျောထဲတွင် စိမ့်သွားသည်။

"အခုတော့ အဲဒီခန္ဓာကိုယ်ကြီးကို မြေကျင်းထဲထည့်ပြီး မြှုပ်ပစ်ရတော့မယ်"

ခေါင်းတလားပေါ်သို့ မြေစိုင်မြေခဲများ ကျသံကို ကြားယောင်လာမိပြန်သည်။ ဘုရားမသိဘူးဆိုဆို၊ တရားမရှိဘူးဆိုဆို၊ ဆိုချင်သလိုဆိုပေတော့၊ ထိုအသံကို ဒေါ်ရွှေနုကြောက်သည်။ အသုဘတွင် ခွမ်းခနဲ ခွဲလေ့ရှိသော ရေအိုးခွဲသံကိုကြောက်သည်။ မီးသင်္ဂြိုဟ်စက်တံခါးကြီးကို "ဂျိမ်း" ခနဲ ပိတ်လိုက်သောအသံကိုလည်း ကြောက်လေသည်။

*ဆက်လက်ဖော်ပြပါမည်*




ဤကဏ္ဍတွင် ဖော်ပြသော အကြောင်းအရာများသည် ပေးပို့သူ၏ အာဘော်သာ ဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။

*စာတည်းအဖွဲ့*

## ကော့သောင်းမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား (UID) ထုတ်ပေးခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကြောင့် တာဝန်ရှိသူများအား အထူးကျေးဇူးတင်ရှိ

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ ဇာဒက်ကြီးကျေးရွာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ပန်းခင်းစီမံချက်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား UID(Smart Card)များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ(One Stop) ဆောင်ရွက်ခြင်းများကို ပြုလုပ်ပေးသောကြောင့် ဒေသခံပြည်သူများက တာဝန်ရှိသူများကို ကျေးဇူးတင်လျက်ရှိကြပါတယ်။

"ကော့သောင်းမြို့နယ် ဇာဒက်ကြီးကျေးရွာမှာရှိတဲ့ ကျွန်တော်တို့ကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနက ပန်းခင်းစီမံချက်(၃)နဲ့ လိုအပ်တဲ့အချက်အလက်များကိုစိစစ်ပြီး လုပ်ထုံးလုပ်နည်းများနဲ့အညီ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ မြို့ပေါ်သွားစရာမလိုဘဲ အလုပ်အကိုင်မပျက် နိုင်ငံသားစိစစ်ရေးကတ်ပြား(Smart Card)များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ(One Stop)ကို ရရှိခဲ့တဲ့အတွက် လာရောက်လုပ်ကိုင်ပေးတဲ့ တာဝန်ရှိသူတွေကို အထူးကျေးဇူးတင်ရှိပါတယ်"

*ဒေသခံပြည်သူတစ်ဦး*

*နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များ၊ လုပ်ဆောင်ချက်များအပေါ် ဝေဖန်အကြံပြုလိုပါက ပြည်သူများ၏ အတွေးအမြင်များ၊ သုံးသပ်ချက်များနှင့် ဝေဖန်အကြံပြုချက်များကို ပြည်သူ့အသံကဏ္ဍသို့ ပေးပို့နိုင်ပါသည်။*

## မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားနည်းအား ယူနက်စကို တင်သွင်းမည်

မြန်မာ့ရိုးရာ အားကစားနည်းတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းအား လာမည့် ၂၀၂၉ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂ ပညာရေး သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို)သို့ တင်သွင်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ထံမှ သိရသည်။



ဓာတ်ပုံ - MOI

ယူနက်စကိုသို့ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်အဖြစ် မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းအား တင်သွင်းနိုင်ရန် စီစဉ်လျက်ရှိခြင်းဖြစ်သည်။

"မြန်မာ့ရိုးရာခြင်းလုံးခတ်ပညာကို ယူနက်စကို ဝင်ဖို့ကြိုးစားနေပါတယ်။ အခုကစပြီး ပြင်ဆင်နေပါတယ်။ မြန်မာ့ခြင်းလုံးပညာဟာ ၅ ရာစု၊ ၇ ရာစုထဲက စခဲ့တယ်ဆိုတဲ့ အထောက်အထားတွေကိုလည်း ပြန်ရှာနေပါတယ်။ အဲဒါတွေစုစည်းပြီး အထောက်အထားတွေနဲ့တင်သွင်းသွားမှာပါ"ဟု မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌက ပြောသည်။

မြန်မာ့ရိုးရာခြင်းလုံးခတ်ကစားနည်းသည် ယူနက်စကို၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းဝင်ပါက ခြင်းလုံးခတ်ကစားနည်းအား ကမ္ဘာမှ ပိုမိုသိရှိလာမည်ဖြစ်ကာ ပြည်တွင်းမှ ခြင်းလုံးထိုးသောလုပ်ငန်းများ၊ ခြင်းခတ်ဖိနပ်ထုတ်လုပ်သောလုပ်ငန်းများအတွက် ပိုမိုအကျိုးရှိလာပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာမည်ဖြစ်ကြောင်း သိရသည်။

*ကိုအောင်*

## မြို့ကြီးလေးမြို့တွင် သံနှင့် သံမဏိ အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းများ တည်ထောင်သွားမည်



မန္တလေးမြေပြင်ကြီးကြောင့် ထိခိုက်ပျက်စီးမှုများရှိခဲ့သည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရာတွင် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းဖြစ်သည့် သံနှင့်သံမဏိချောင်းများကို စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရန်နှင့် သံမဏိမူဝါဒနှင့်အညီ အရည်အသွေးစစ်ဆေးနိုင်ရန်အတွက် အဓိကမြို့ကြီးလေးမြို့ဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်အချို့တွင် ဓာတ်ခွဲခန်းများ တည်ထောင်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ သိရှိရသည်။

ဓာတ်ခွဲခန်းများ တည်ဆောက်ရန်အတွက် သံနှင့် သံမဏိလုပ်ငန်းရှင်များနှင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပြီး စက်မှုဝန်ကြီးဌာနပိုင် မြေနေရာများတွင် တည်ထောင်သွားမည်ဖြစ်သည်။ သက်ဆိုင်ရာ စက်မှုဇုန်များမှလည်း နိုင်ငံတကာ အသိအမှတ်ပြု ဓာတ်ခွဲခန်းများတည်ထောင်ပြီး စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် သံနှင့် သံမဏိထုတ်လုပ်သည့်လုပ်ငန်းရှင်များကို စံချိန်စံညွှန်းနှင့်အညီ ထုတ်လုပ်ရန် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ *ကိုအောင်*

## ဓမ္မစာစု

### ဆေးလှူဒါန်းခြင်းကြောင့် ရရှိသော အကျိုး ၁၀ ပါး

ဆေးဝါးလှူဒါန်းခြင်းကြောင့် အောက်ဖော်ပြပါ အကျိုးတရား ၁၀ ပါးကို ခံစား ရရှိနိုင်ပါသည်-

(၁) အသက်ရှည်ခြင်း၊
(၂) ခွန်အားကြီးခြင်း၊
(၃) ပညာကြီးခြင်း၊
(၄) အဆင်းလှခြင်း၊
(၅) အခြံအရံများ၏ ကျော်စောခြင်း၊
(၆) ဆင်းရဲကင်း၍ ချမ်းသာခြင်း၊
(၇) ဘေးဥပါဒ်ကင်းခြင်း၊
(၈) ရောဂါမာနက်ကင်းခြင်း၊
(၉) လူနတ်တို့၏ အပူဇော်ကို ခံရခြင်း၊
(၁၀) ချစ်သူနှင့် မကွဲမကွာနေရခြင်းတို့ ဖြစ်သည်။

*အရှင်သုမင်္ဂလ (အောင်စကြာကျောင်း)*

## စကားပုံမှပေးသောအသိများ

### ဆေးစက်ကျရာ အရုပ်ထင်

ကျွမ်းကျင်သော ပန်းချီဆရာသည် ဆေးစက်ကျရာမှာ ရုပ်ပုံဖြစ်အောင် စွမ်းဆောင်နိုင်သကဲ့သို့ အတတ်ပညာတစ်ခုခု၌ ကျွမ်းကျင်သူသည် ထိုအတတ်ပညာဆိုင်ရာတွင် ပြုလုပ်သမျှ တင့်တယ်သည်။

"အနဆိုလျှင် အန၊ အကြမ်းဆိုလျှင် အကြမ်း၊ ဘယ်ကစမ်း ဘယ်ကရ၊ ညာကစမ်း ညာကရ၊ ဆေးစက်ကျရာ အရုပ်ထင်၍" ဟု ဆိုလိုခြင်းဖြစ်သည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစကားပုံစာအုပ်*

## သဒ္ဒါအသုံးအနှုန်း

### သံတူသံယောင်၊ သတိဆောင်

အချို့ပါဠိစကားလုံးများကို ရွတ်ဖတ်ရာ၌ မူလပါဠိ အသံထွက်အတိုင်း မဟုတ်တော့ဘဲ **သံတူသံယောင်** လိုက်၍ ရွတ်ဖတ်တတ်သည်။ ပါဠိစကားလုံး၏ မူလအသံထွက်အတိုင်း အမှန်ရွတ်ဖတ်နိုင်ရန် သတိထားသင့်သည်။

**ဒုက္ကရစရိယာ**သည် ဒုက္ခဆင်းရဲခံ၍ ကျင့်ခြင်းမဟုတ်။ **သာမန်ပုဂ္ဂိုလ်တို့ ပြုနိုင်ခဲ၊ ကျင့်နိုင်ခဲသော အကျင့်ကို ကျင့်ခြင်း** ဟု အဓိပ္ပာယ်ရသည်။

*မြန်မာစာအဖွဲ့ဦးစီးဌာန၏ မြန်မာစာမြန်မာစကားစာအုပ်မှ*

## သိမှတ်လွယ်လာအင်္ဂလိပ်စာ

| | | | |
|---|---|---|---|
| ၁။ | Arc | (n) | စက်ဝန်းပြတ်။ |
| ၂။ | Cube | (n) | ကုဗတုံး၊ အန်စာတုံး။ |
| ၃။ | Circle | (n) | စက်ဝိုင်း။ |
| ၄။ | Circumference | (n) | စက်ဝန်းမျဉ်း၊ အဝန်း။ |
| ၅။ | Chord | (n) | လေးကြိုးမျဉ်း။ |
| ၆။ | Diameter | (n) | (စက်ဝိုင်း)အချင်း။ |
| ၇။ | Polygon | (n) | ဗဟုဂံ။ |
| ၈။ | Quadrant | (n) | စက်ဝိုင်း၏လေးပုံတစ်ပုံ။ |
| ၉။ | Radius | (n) | (စက်ဝိုင်း)အချင်းဝက်။ |
| ၁၀။ | Section | (n) | အပိုင်း။ |

# Online မှ ဆက်သွယ်၍ ဆင်စခန်းများရှိ ဆင်များအား ဆင်စာဘူဖေးကျွေးသူ များပြားလာ


ဓာတ်ပုံ – MOI

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းခြံ-ပခုက္ကူကားလမ်းမကြီးဘေး၊ အနောက်ပုလင်းကျေးရွာအနီး ရော၀တီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိသည့် ပလင်းကမ်းသာယာဆင်စခန်း၌ မြန်မာပြည်အရပ်ရပ်မှ ဆင်ချစ်သူများက Online မှတစ်ဆင့်ဆက်သွယ်၍ ဆင်စာဘူဖေးကျွေးမှုများ များပြားလာလျက်ရှိရာ ဆင်စာဘူဖေးကျွေးမှု အကြိမ်(၁၀၁၅)ကျော် ရှိလာပြီဖြစ်ကြောင်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့သစ်လုပ်ငန်းက ဖွင့်လှစ်ထားရှိသည့် ဆင်စခန်းတွင် မြန်မာပြည်အရပ်ရပ်ရှိ ဆင်ချစ်သူများက လှူဒါန်းလျက်ရှိရာ Online မှ ချိတ်ဆက်ကျွေးမွေးမှုများလည်း ရှိနေသေးကြောင်း ဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။

မြန်မာနိုင်ငံ တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် ဆင်စခန်း (၂၂) ခုအထိ ဖွင့်လှစ်ထားရှိထားပြီး ဆင်စာဘူဖေးကျွေးမွေးလှူဒါန်းလိုပါက ဆင်စခန်းအမည်များနှင့် Page များတွင် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ ဆင်စာအဖြစ် ကြံ၊ နေပီယာမြက်၊ ငှက်ပျောသီး၊ ဖရုံသီး၊ ဖရဲသီး၊ သခွားသီး၊ သရက်သီး၊ အုန်းသီး၊ ပြောင်းဖူးများကို အဓိကကျွေးကြကာ ရာသီပေါ်သီးနှံများကိုလည်း ကျွေးမွေးကြပြီး ဆင်စာဘူဖေး တစ်ခါကျွေးလျှင် ငါးသောင်းကျပ်မှ တစ်သိန်းကျပ်ထိ လှူဒါန်းနိုင်ပြီး တစ်နေ့စာ ဆင်ခြောက်ကောင်အတွက် တစ်သိန်းကျပ် လှူဒါန်းနိုင်ကြောင်း သိရသည်။

ပလင်းကမ်းသာယာ ဆင်စခန်းသို့ မလာရောက်နိုင်ပါက ဆင်စခန်း Page များမှတစ်ဆင့် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း တာဝန်ခံ လက်ထောက်မန်နေဂျာ ဦးချစ်ကိုကို ဖုန်း (၀၉-၂၅၆၃၂၅၀၉၉)သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ မြို့ပြအခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးမှုအတွက် ဖွင့်လှစ်သည့် ဆင်စခန်းများ ဆင်စာခက်ခဲလျက်ရှိကာ တောတောင်ရေမြေသဘာဝ အခြေခံ ဖွင့်လှစ်ထားသည့် ဆင်စခန်းများရှိ ဆင်များအတွက် အစာရေစာ မခက်ခဲကြောင်းလည်း ပလင်းကမ်းသာယာဆင်စခန်း တာဝန်ရှိသူများထံက သိရသည်။

*ဒီပါလင်း*

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|---|
| ၁။ | ရွှေဘိုပေါ်ဆန်း | ပြည် | ၈၃၀၀ |
| ၂။ | ညှော့မထ | ။ | ၄၃၀၀ |
| ၃။ | မြေပဲဆီ | တစ်ပိဿာ | ၂၆၀၀၀ |
| ၄။ | နှမ်းဆီ | ။ | ၂၄၃၀၀ |
| ၅။ | စားအုန်းဆီ | ။ | ၆၆၁၀ |
| ၆။ | ကုလားပဲကြမ်း | ။ | ၇၈၀၀ |
| ၇။ | ပဲနီလေး | ။ | ၁၉၀၀၀ |
| ၈။ | ပဲကြီး | ။ | ၈၅၀၀ |
| ၉။ | စားတော်ပဲ | ။ | ၁၁၅၀၀ |
| ၁၀။ | ကြက်သွန်နီ | ။ | ၂၅၀၀ |
| ၁၁။ | အာလူး | တစ်ပိဿာ | ၈၀၀၀ |
| ၁၂။ | ကြက်သား | ။ | ၂၃၀၀၀ |
| ၁၃။ | ဝက်သား | ။ | ၃၈၀၀၀ |
| ၁၄။ | အမဲသား | ။ | ၃၆၀၀၀ |
| ၁၅။ | ဆိတ်သား | ။ | ၅၈၀၀၀ |
| ၁၆။ | ငါးခူ | ။ | ၃၅၀၀၀ |
| ၁၇။ | ငါးကျည်း | ။ | ၄၀၀၀၀ |
| ၁၈။ | ငါးမြစ်ချင်း | ။ | ၁၈၀၀၀ |
| ၁၉။ | ပုစွန်တုပ် | ။ | ၆၅၀၀၀ |
| ၂၀။ | ပုစွန်ကျော့ | ။ | ၃၂၀၀၀ |

| စဉ် | Fuel (လက်လီ) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၈၉၅ | ၃၀၅၅ |
| ၂။ | 95 Ron | ၂၉၇၀ | ၃၀၈၅ |
| ၃။ | HSD (500 ppm) | ၂၅၇၅ | ၂၆၉၀ |
| ၄။ | HSD (50 ppm) | ၃၁၇၀ | ၃၂၈၅ |
| ၅။ | HSD (10 ppm) | ၃၁၇၀ | ၃၂၈၅ |

| စဉ် | Fuel (လက်ကား) | ရန်ကုန် | မန္တလေး |
|---|---|---|---|
| ၁။ | 92 Ron | ၂၇၂၇ | ၂၈၁၅ |
| ၂။ | 95 Ron | ၂၈၀၁ | ၂၈၉၁ |
| ၃။ | HSD (500 ppm) | ၂၄၁၉ | ၂၄၉၇ |
| ၄။ | HSD (50 ppm) | ၂၉၉၇ | ၃၀၈၇ |
| ၅။ | HSD (10 ppm) | ၂၉၉၇ | ၃၀၈၇ |

အထက်ပါ ကုန်စည်ဈေးနှုန်းများသည် စက်တင်ဘာလ စတုတ္ထပတ် ဈေးနှုန်းများဖြစ်ပြီး အချိန်အခါနှင့် ဒေသကိုလိုက်၍ အပြောင်းအလဲ ရှိနိုင်ပါသည်။

# ပုဂံ-ညောင်ဦး ဘုရားဖူးဧည့်သည်များ လက်အလှပန်းချီဆွဲမှု များပြား

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများ ဘုရား၊ စေတီ၊ သာသနိက အဆောက်အအုံ ပတ်ဝန်းကျင်၌ ဖွင့်လှစ်ထားသည့် လက်အလှပန်းချီဆိုင်များတွင် လက်အလှ ပန်းချီဆွဲမှု များပြားလာခြင်းကြောင့် မိသားစုဝင်ငွေအထိုက်အလျောက်ရရှိလာကြောင်း ဆင်ဖြူရှင်ကျောင်းတိုက် ကားရပ်နားကွင်းတွင် လက်အလှပန်းချီ ရေးဆွဲနေသည့် ဦးနိုင်ဝင်းထံက သိရသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူး၊ လေ့လာရေး လာရောက်သူများပြားလာခဲ့ပြီး ပုဂံ-ညောင်ဦး ဒေသခံများ စီးပွားရေး ပြန်လည်အဆင်ပြေလာကြောင်း သိရသည်။

လက်အလှပန်းချီရေးခြယ်မှုကို ပုံစံအမျိုးမျိုးဖြင့် ရေးဆွဲကြကြောင်း၊ မိန်းကလေး၊ ယောကျ်ားလေး လူကြီး၊ လူငယ်၊ လူလတ်များအားလုံး လက်ရေးပန်းချီ တတ်မြောက်ကြကာ ကျပ် ၁၅၀၀ မှ ကျပ် ၅၀၀၀ တန်အထိ ရှိကြောင်း၊ တစ်ရက်ခံ၊ နှစ်ရက်ခံမှ တစ်ပတ်ခံထိ ရေးဆွဲကြကာ သုံးစွဲသည့် ဆေးအပေါ်မူတည်ကာ ဈေးကွာခြားကြောင်း၊ အခါကြီး ရက်ကြီး လပြည့်နေ့များတွင် လက်အလှပန်းချီ ရေးဆွဲသူ ပိုမိုများပြားကြောင်း သိရသည်။

*ဒီပါလင်း*


ဓာတ်ပုံ – hiburma.net

# မိုးစပါးစိုက်တောင်သူများအား သီးနှံပေါ်ပေးစနစ်ဖြင့် ဓာတ်မြေဩဇာရောင်းချပေး

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူများအတွက် ဓာတ်မြေဩဇာသွင်းအားစုများကို သီးနှံပေါ်ပေးစနစ်ဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူထံမှ သိရသည်။

"နိုင်ငံတော်အစိုးရမှ သီးနှံပေါ်ပေးစနစ်ဖြင့် သွင်းအားစုများကို တောင်သူများထံအရောက် ဖြန့်ဝေရခြင်း ရည်ရွယ်ချက်မှာ ကျေးလက်နေတောင်သူများ အရည်အသွေးပြည့်မီသော ဓာတ်မြေဩဇာများကို ဈေးနှုန်းချိုသာစွာဖြင့် စိုက်ပျိုးချိန်အမီ ဝယ်ယူအသုံးပြုနိုင်ရေးအတွက်ဖြစ်ကြောင်း၊ သွင်းအားစုများ အချိန်မီ သုံးစွဲနိုင်မှသာ သီးနှံများ သတ်မှတ်ပန်းတိုင်အထွက်နှုန်း ရရှိမှာဖြစ်ပြီး တောင်သူများ ဝင်ငွေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာစေမှာဖြစ်ကြောင်း" ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်၏ ပြောပြချက်အရ သိရသည်။ ရမည်းသင်းမြို့နယ်အတွင်းရှိ ကျေးရွာ ၂၆ ရွာမှ မိုးစပါးစိုက်တောင်သူ ၁၄၂၈ ဦးအတွက် ယူရီးယားဓာတ်မြေဩဇာ ၄၁၂၀ အိတ်နှင့် ကွန်ပေါင်းဓာတ်မြေဩဇာ ၄၁၂၅ အိတ် ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။

*သူသူငြိမ်း*


ဓာတ်ပုံ – MOI

# ဒီမိုကရေစီစနစ်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်

မင်းခေါင်

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်မှာ အရေးပါတဲ့ ခြေလှမ်းတစ်ရပ်ဖြစ်တယ်ဆိုတာကို နိုင်ငံရေးပါးဝသူတိုင်း၊ ကမ္ဘာ့နိုင်ငံရေး၊ မြန်မာ့နိုင်ငံရေးကို လေ့လာတီးခေါက်မိသူတိုင်း နားလည်သဘောပေါက်ကြပေမယ့် နယ်တစ်နယ် ဓားတစ်စင်း၊ တစ်တောတစ်ကြက်ဖ စစ်ဘုရင်ဝါဒကို နှစ်ပေါင်းများစွာ ကိုင်စွဲထားပြီး လက်နက်ကိုင်လမ်းစဉ်ကို သဘောတွေ့နေကြတဲ့ ပြည်တွင်းတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ကတော့ ရွေးကောက်ပွဲကို လက်မခံတဲ့သဘောထားတွေကို ထုတ်ဖော်ပြောနေတာ ကြားရပါတယ်။**

ဒါဖြင့် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဘယ်လိုလုပ်ငန်းစဉ်နဲ့ သွားမလဲ၊ ဘယ်လိုချဉ်းကပ်လုပ်ဆောင်ရမလဲလို့ မေးခွန်းထုတ်ပြန်ရင်လည်း သူတို့မှာ တိတိကျကျ၊ ရေရေရာရာအဖြေမရှိပါဘူး။ စစ်အာဏာရှင်စနစ် ပြုတ်ကျရေး၊ လက်နက်ကိုင်တော်လှန်ရေး စသည်ဖြင့် မရေမရာ ဝေဝေဝါးဝါးနဲ့ပဲ အဆုံးသတ်သွားတာပါပဲ။

ဒါပေမဲ့ တကယ့်မြေပြင်အနေအထားအရကတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာကြရမယ့်အစား စစ်ဘောင်ကိုပဲ တွင်တွင်ချဲ့ပြီး ဖော်ဆောင်နေခဲ့ကြတဲ့အတွက် ဒေသခံတိုင်းရင်းသားပြည်သူတွေမှာ မြောက်မြားစွာသော အသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးနေကြရပါတယ်။

ဒီအတွက် တစ်ခုတည်းသောလမ်းကြောင်းကတော့ နိုင်ငံတော်ရဲ့အကျိုးစီးပွား၊ ဒေသခံတို့ရဲ့အနာဂတ်အကျိုးစီးပွားကို အာမခံနိုင်သော ဒီမိုကရေစီရဲ့ သဘောတရားအရ မတူတာတွေကို ဆွေးနွေးညှိနှိုင်း၊ တူတာတွေကို အတူတကွတွဲလုပ်နိုင်မယ့် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းသာ ဖြစ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ ပထမအကြိမ် ကျင်းပခဲ့တဲ့ ၂၀၁၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတုန်းကလည်း ထိုစဉ်က အတိုက်အခံပါတီဟာ "နိုးဘုတ်"ဆိုတဲ့ ကြွေးကြော်သံနဲ့ ရွေးကောက်ပွဲကို ကျော်ခိုင်းခဲ့ပေမယ့် မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်လာတဲ့ လွှတ်တော်နိုင်ငံရေးနဲ့အတူ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုအပေါ် အသိအမှတ်ပြုထောက်ခံလာတဲ့ ကမ္ဘာ့အခြေအနေကြောင့် ၂၀၁၂ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ထိုမှ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ပြီး နိုင်ငံတော်ရဲ့တာဝန်တွေကို ထမ်းဆောင်ခွင့်ရခဲ့တာပဲ မဟုတ်ပါလား။

**နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ**

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာတော့ အာဏာရပါတီဟာ မဲမသမာမှုကတစ်ဆင့် ပေါ်ပေါက်လာတဲ့ နိုင်ငံရေးအကျပ်အတည်းကိုဖြေရှင်းရမယ့်အစား လွှတ်တော်ခေါ်ယူပြီး နိုင်ငံတော်ရဲ့အာဏာကို အဓမ္မရယူဆောင်ရွက်မှုမှ အစပြုပြီး တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နဲ့အညီ နိုင်ငံတော်အား အရေးပေါ်အခြေအနေကြေညာခဲ့ပြီး နိုင်ငံတော်ရဲ့တာဝန်များ ခေတ္တလွှဲပြောင်းထိန်းသိမ်းလိုက်တဲ့အတွက် လွှတ်တော်နိုင်ငံရေးဟာ ခေတ္တရပ်တန့်သွားခဲ့ပါတယ်။ ဒါတွေကို ပြန်လည်တင်ပြပြောဆိုရခြင်းဟာလည်း နိုင်ငံရေးအသိ၊ နိုင်ငံရေးသတိ၊ နိုင်ငံရေးသံဝေဂ၊ နိုင်ငံရေးသင်ခန်းစာအဖြစ် ပြန်ပြောင်း ဆင်ခြင်နိုင်ဖို့ပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ တပ်မတော်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ နိုင်ငံတော်ရဲ့အာဏာကို ခေတ္တထိန်းသိမ်းခဲ့ခြင်းသာဖြစ်တဲ့အတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေးစတဲ့ လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်ငါးရပ်ထဲမှာ အတိအလင်းထည့်သွင်းဖော်ပြပြီး တစိုက်မတ်မတ်ဆောင်ရွက်ခဲ့ပါတယ်။

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်**

လက်ရှိအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရဲ့ ဦးတည်ချက် ၄ ရပ်မှာလည်း "နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး"၊ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"စသည်ဖြင့်ဆက်လက်ဖော်ပြပါရှိပါတယ်။

ကမ္ဘာက "မြန်မာ့နွေဦး" လို့ တင်စားခေါ်ဝေါ်ရလောက်အောင် ညင်သာတဲ့ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးကိုလည်း တပ်မတော်က ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနဲ့အတူ ဖော်ဆောင်ပေးခဲ့တဲ့ နိုင်ငံရေးအခင်းအကျင်းအရ ယခုဒီဇင်ဘာလမှာ ကျင်းပမယ့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲဟာလည်း ခေတ္တရပ်တန့်သွားခဲ့ရတဲ့ လွှတ်တော်နိုင်ငံရေးလမ်းကြောင်းကို မကြာမီ သက်ဝင်နိုးထလာစေမှာ ဖြစ်ပါတယ်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဩဂုတ်လ ၁၂ ရက်နေ့မှာ နေပြည်တော်မှာ ကျင်းပတဲ့ကော်မရှင်အစည်းအဝေးမှာ "ရွေးကောက်ပွဲ ဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှု မရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့် အပြုသဘောဆောင်သည့်နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့်နိုင်ငံများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း" ရွေးကောက်ပွဲနဲ့ပတ်သက်လို့ သတိထားရမယ့် ကိစ္စတစ်ရပ်အနေနဲ့ ထည့်သွင်းပြောကြားသွားတာကို နိုင်ငံပိုင်သတင်းစာတွေမှာ ဖတ်လိုက်ရပါတယ်။

နိုင်ငံတော်အကြီးအကဲ မိန့်ကြားခဲ့သလို ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်းပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိကောင်းရှိလာနိုင်မှာ ဖြစ်ပါတယ်။

လောကဓမ္မတာအရတော့ အဖြူရှိရင် အမည်းရှိမယ်၊ အကောင်းရှိရင် အဆိုးရှိမှာပါပဲ။ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုကာလ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြုရွေးကောက်ပွဲမှာလည်း ရွေးကောက်ပွဲကို သပိတ်မှောက်ကျောခိုင်းတဲ့အဖွဲ့အစည်းတွေ၊ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီး ထိုးဖောက်တဲ့လူစားတွေ ရှိခဲ့ကြတာပါပဲ။ ဒါကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက "လာမယ့်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ဖျက်လိုဖျက်ဆီးလုပ်ကြမယ်ဆိုတဲ့ လူတွေပေါ်ရင်တော့ အဲဒီလူတွေဟာ တိုင်းပြည်ရဲ့ရန်သူ နံပါတ်တစ်တွေပဲ၊ လွတ်လပ်ရေးကို ဆုံးဖြတ်ရမယ့်ရွေးကောက်ပွဲဖျက်ဆီးချင်သူတွေဟာ တိုင်းပြည်ရဲ့ရန်သူပဲ။ ဖျက်လိုဖျက်ဆီးလုပ်ချင်တဲ့လူတွေဟာ ရှေ့လျှောက်ပြီး သူတို့ မင်းသားကြီးမလုပ်နိုင်ကြမယ့်အရေး မြင်လို့ ဗမာပြည် ဘာဖြစ်ဖြစ်ဆိုပြီး လုပ်ချင်ကြတဲ့လူတွေပဲ။ လာမယ့်ရွေးကောက်ပွဲကို ဖျက်ချင်တဲ့လူတွေက ဘာဖြစ်လို့ဖျက်ချင်တာလဲ။ တခြားကြောင့် မဟုတ်ဘူး၊ လွတ်လပ်တဲ့မြန်မာပြည်ကြီးမှာ သူတို့တတွေဟာ တစ်သက်လုံး မြုပ်တော့မယ့်အရေးကြီးကိုတွေး၊ တွေးမြင်တိုင်း သူတို့ဟာ မစားရတဲ့အမဲကို သဲနဲ့ပက်ချင်လို့ပဲ" စသည်ဖြင့် တိုင်းပြုပြည်ပြုလွှတ်တော်ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး ရန်ကုန်အသံလွှင့်ရုံကနေ ပြောကြားခဲ့ဖူးပါတယ်။

ငြိမ်းချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုကြတဲ့ တိုင်းရင်းသားပြည်သူတွေအနေနဲ့ မိမိတို့လိုလားတောင့်တတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးအတွက်ဆိုရင် လာမယ့်ရွေးကောက်ပွဲမှာ ပူးပေါင်းပါဝင်အကောင်အထည်ဖော်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

"ပြည်သူ့အသံ လွှတ်တော်အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူများ၏ မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်" ဆိုတဲ့ လွှတ်တော်နိုင်ငံရေးနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းကြမယ်ဆိုရင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကသာ ဧကယနေ တစ်ခုတည်းသော၊ တစ်ကြောင်းတည်းသောလမ်းဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနဲ့သာ ဖော်ဆောင်နိုင်လိမ့်မယ်လို့ ဆိုပါရစေ။ ။

*မင်းခေါင်*

## ဒို့ ကျေး ရွာ ကာ တွန်း



## တင်းနစ်ကစားသမားတစ်ဦးအကြောင်း ရိုက်ကူးထားသည့် Marty Supreme ရုပ်ရှင်

စတူဒီယိုအေတွမ်တီဖိုး၏ ရုပ်ရှင်သစ်ဖြစ်သော Marty Supreme တွင် မင်းသား တီမိုသီချာလာမက်က အဓိကပါဝင်သရုပ်ဆောင်ထားပြီး တင်းနစ်ကစားသမားတစ်ဦး၏ အကြောင်းကို မှီငြမ်း၍ ဖန်တီးထားသည့် ရုပ်ရှင်ဖြစ်ကြောင်း ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။ အဆိုပါရုပ်ရှင်တွင် တီမိုသီချာလာမက်နှင့် ဝါရင့်မင်းသမီးကြီး ဂွင်းနက်ပက်ထရိုတို့ အဓိကပါဝင်ထားကာ လူငယ်စားပွဲတင်တင်းနစ်ကစားသမား မာတီရိုန်စ်မန် အကြောင်း မှီငြမ်းဖန်တီးထားပြီး စတူဒီယိုအေတွမ်တီဖိုးက ဘတ်ဂျက်အများဆုံး အသုံးပြု၍ ရိုက်ကူးထားခြင်းဖြစ်သည်။

ယင်းရုပ်ရှင်ကို၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် စတင်ပြသမည်ဖြစ်ပြီး မင်းသား တီမိုသီချာလာမက်ထက် မင်းသမီးကြီး ဂွင်းနက်ပက်ထရိုကို ပရိသတ်များက ပို၍စိတ်ဝင်စားစွာ စောင့်မျှော်နေကြသည့် ရုပ်ရှင်ဇာတ်ကားတစ်ကားဖြစ်သည်။ *ယမင်း*


ဓာတ်ပုံ – people.com

## Insidious ထိတ်လန့်သည်းဖိုဇာတ်ကားသစ်၌ ပါဝင်မည့် လင်းရှာယီနှင့် အမ်မလီယာအက်ဗီ

ဆိုနီရုပ်ရှင်နှင့် Blumhouse တို့ ပူးပေါင်းထုတ်လုပ်သည့် Insidious အမည်ရှိ ထိတ်လန့်သည်းဖိုဇာတ်ကားသစ်တွင် မင်းသမီး လင်းရှာယီနှင့် အမ်မလီယာအက်ဗီတို့ ပါဝင်မည်ဖြစ်သည်။ အဆိုပါ Insidious ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျက်ကော့ချေစ်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ဇာတ်ညွှန်းရေးဆရာ ဒေးဗစ်လက်စလီဂျွန်ဆင်နှင့်အတူ ပူးတွဲရေးသားထားကြောင်း သိရသည်။

ယခုဇာတ်ကားသစ်ကို Insidious: The Red Door (2023) ဇာတ်ကားအကြီးအကျယ် အောင်မြင်ခဲ့ပြီးနောက် Insidious ဇာတ်ကားသစ် ဆက်လက်ရိုက်ကူးရန် Blumhouse က စီစဉ်ခဲ့ခြင်းဖြစ်သည်။


လက်ရှိအချိန်တွင် Insidious ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက ဇာတ်လမ်းအသေးစိတ်ကို ပြောကြားထားခြင်းမရှိသေးသော်လည်း ရိုက်ကူးရေးလုပ်ငန်းများကို သြစတြေးလျနိုင်ငံ၌ ပြုလုပ်ရန် ထုတ်လုပ်သူများက စီစဉ်ထားပြီး ယင်းဇာတ်ကားသစ်ကို ၂၀၂၆ ခုနှစ် ဩဂုတ်လတွင် ရုံတင်ပြသရန် စီစဉ်ထားကြောင်း သိရသည်။ *လရိပ်မေ*


ဓာတ်ပုံ – IMDb.com



## လွမ်းမောကြေကွဲဖွယ်ရာများဖြင့် ကြည့်ရှုရမည့် "အရှေ့ကို လျှောက်ပါလို့" ရုပ်သံဇာတ်လမ်းတွဲ

SKYNET အခပေး ရုပ်သံလိုင်းတစ်ခုဖြစ်သည့် SKYPREMIER HD ရုပ်သံလိုင်းမှ "အရှေ့ကို လျှောက်ပါလို့" မြန်မာရုပ်သံဇာတ်လမ်းတွဲကို စက်တင်ဘာလ ၂၀ ရက်နေ့မှ စတင်၍ အပတ်စဉ် သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များ၌ ည ၈ နာရီအချိန်တွင် ထုတ်လွှင့်ပြသလျက်ရှိသည်။



ဓာတ်ပုံ – Skypremier-HD

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲကို ဒါရိုက်တာသံလွင်ဦးက တာဝန်ယူရိုက်ကူးထားပြီး ဝိညာဉ်ဖြစ်သွားသူတစ်ယောက်၏ အမုန်းတရားများ၊ အငြိုးတရားများကြားမှ စွဲလမ်းပိတ်မိနေသည့် သနားကရုဏာသက်စရာ၊ ထိတ်လန့်ချောက်ချားစရာ၊ လွမ်းမောကြေကွဲစရာ ဘဝဇာတ်ရုပ်ကို ခံစားကြည့်ရှုကြရမည်ဖြစ်သည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် ကျော်ထက်အောင်၊ မင်းတော်ဝင်၊ ဘုန်းသီရိကျော်၊ အဲလ်ဘတ်ပိုင်၊ ကောင်းဆက်၊ လှနုထွန်း၊ အယ်လာ၊ ဝွမ်းပုံကြီး၊ အေးသီတာ၊ ခရစ်ဝင်း၊ ခိုင်စုနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြသည်။ *ယမင်း*

## ၂၀၂၄ ခုနှစ် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် စီရော်နယ်ဒို ထိပ်ဆုံး၌ရပ်တည်


ဓာတ်ပုံ – espn.com

Forbes မဂ္ဂဇင်းက ၂၀၂၄ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် ဝင်ငွေအကောင်းဆုံး အားကစားသမားစာရင်းတွင် တိုက်စစ်မှူး စီရော်နယ်ဒိုက ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

ဆော်ဒီကလပ် အယ်နာဆာအသင်း တိုက်စစ်မှူး စီရော်နယ်ဒိုသည် ၂၀၂၄ ခုနှစ်အတွက် တစ်နှစ်တာဝင်ငွေမှာ စတာလင်ပေါင် ၁၉၂ ဒသမ ၄၀ သန်းထိ ရှိခဲ့ပြီး တိုက်စစ်မှူး လီယွန်နယ်မက်ဆီ၏ဝင်ငွေထက် နှစ်ဆနီးပါးထိ ရှိခဲ့သည်။ အမေရိကန်ကလပ် အင်တာမီယာမီအသင်း တိုက်စစ်မှူး မက်ဆီသည် ၂၀၂၄ ခုနှစ်အတွက် ဝင်ငွေစုစုပေါင်း စတာလင်ပေါင် ၉၉ ဒသမ ၉၀ သန်းသာ ရှိခဲ့သောကြောင့် ဝင်ငွေအကောင်းဆုံး ကစားသမားစာရင်းတွင် အဆင့်သုံး၌သာ ရပ်တည်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်အတွက် ဝင်ငွေအကောင်းဆုံးကစားသမား စာရင်းတွင် ဘောလုံးလောကမှ ကစားသမားများ အများဆုံးပါဝင်ခဲ့ပြီး စီရော်နယ်ဒိုက အဆင့်တစ်၊ မက်ဆီက အဆင့်သုံး၊ အမ်ဘာပေက စတာလင်ပေါင် ၈၁ ဒသမ ၄ သန်းဖြင့် အဆင့်ခြောက်၊ နေမာက စတာလင်ပေါင် ၇၉ ဒသမ ၉၂ သန်းဖြင့် အဆင့်ခုနစ်၊ ဘင်ဇီးမားက စတာလင်ပေါင် ၇၈ ဒသမ ၄၄ သန်းဖြင့် အဆင့်ရှစ်တို့တွင် အသီးသီး ရပ်တည်လျက်ရှိသည်။

ဝင်ငွေအကောင်းဆုံး ကစားသမားကို ရွေးချယ်ရာတွင် ကစားသမားတစ်ဦး၏ လုပ်ခလစာသာမက ကွင်းအတွင်း၊ ကွင်းအပြင်ဝင်ငွေများ၊ အခြားအမှတ်တံဆိပ်များနှင့် စပွန်ဆာချုပ်ဆိုမှုမှရရှိသည့် ဝင်ငွေများကိုလည်း ထည့်သွင်းတွက်ချက်ကြောင်း သိရသည်။

*ကျော်ကြီး (Sport)*


## ၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံက E-sport အားကစားနည်းသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် Team Zanaka အသင်းမှ E-sport အားကစားနည်း အမျိုးအစားသုံးမျိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံအီလက်ထရောနစ်အားကစားအဖွဲ့ချုပ်မှ သိရသည်။

၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲ၏ E-sport အားကစားနည်းကဏ္ဍတွင် မြန်မာနိုင်ငံ ကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်မည့်အသင်းများကိုရွေးချယ်သည့် National Esports Championship 2025 ပြိုင်ပွဲကြီးကို ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပခဲ့သည်။ အမျိုးသား Mobile Legends:Bang Bang (MLBB) Open Division ပြိုင်ပွဲအမျိုးအစား အမျိုးသားပြိုင်ပွဲတွင် Falcon Esports အသင်း၊ အမျိုးသမီးပြိုင်ပွဲတွင် Falcon Daisies အသင်း၊ EA Sports FC Online ပြိုင်ပွဲတွင် Wai Min Shein တို့က ချန်ပီယံဆုရရှိခဲ့ကြပြီး မြန်မာနိုင်ငံကိုယ်စားပြု Team Zanaka အသင်းအဖြစ် ရွေးချယ်ကာ ၃၃ ကြိမ်မြောက် SEA Games ပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအဖြစ် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယခုနှစ် MLBB Open Division တွင် အနိုင်ရရှိခဲ့သော Falcon Esports သည် ပြီးခဲ့သည့် ၃၂ ကြိမ်မြောက် SEA Games Men's Tournament တွင် မြန်မာနိုင်ငံအတွက် ကြေးတံဆိပ်ဆုရယူပေးခဲ့ကြောင်း သိရသည်။

*ကျော်ကြီး (Sport)*



ဓာတ်ပုံ – one esports

# အင်္ဂလန်နိုင်ငံတွင် အသက် (၁၆) နှစ်အောက်လူငယ်များ အားဖြည့်အချိုရည် ဝယ်ယူခြင်းတားမြစ်

အင်္ဂလန်နိုင်ငံရှိ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ကော်ဖီဆိုင်များ၊ အချိုရည်စက်များနှင့် အွန်လိုင်းတို့တွင် ကြွေရိုင်း၊ မွှန်းစတားစသည့် အားဖြည့်အချိုရည်များကို အသက် (၁၆)နှစ်အောက်လူငယ်များ ဝယ်ယူသောက်သုံးခွင့်တားမြစ်သည့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းရန် အစိုးရက စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအစီအစဉ်သည် မိဘများနှင့် ဆရာများ၏ စိုးရိမ်ပူပန်မှုများ လျော့ကျစေရန်နှင့် လူငယ်များ၏ ကျန်းမာရေးကို ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးနှင့် လူမှုစောင့်ရှောက်ရေးဝန်ကြီး ဝက်စ်တာတင်းက ဆိုသည်။

လူကြိုက်များသည့် အချိုရည်များတွင် ကဖိန်းဓာတ် ပိုမိုပါဝင်သဖြင့် ကျန်းမာရေးပြဿနာများ ကြုံတွေ့ရကြောင်းနှင့် စူပါမားကတ်အများစုတွင် တားမြစ်ချက်များ စတင်နေပြီဖြစ်သော်လည်း ဗြိတိန်ရှိ ကလေးသူငယ်သုံးပုံတစ်ပုံခန့်သည် အားဖြည့်အချိုရည်များကို နေ့စဉ်သောက်သုံးလျက်ရှိသည်။ ဆိုရှယ်မီဒီယာတွင် နာမည်ကျော်ကြားသည့် Logan Paul နှင့် KSI တို့ကဲ့သို့သော Youtuber များမှ ထုတ်လုပ်သည့် အချိုရည်များကို လူငယ်များက အလုအယက်ဝယ်ယူနေကြခြင်းသည် မိဘများတွက် စိုးရိမ်ဖွယ်ဖြစ်လာခဲ့သည်။

အားဖြည့်အချိုရည်များသည် အဝလွန်ခြင်း၊ အာရုံစူးစိုက်မှုအားနည်းခြင်း၊ ခေါင်းကိုက်ခြင်း၊ အိပ်စက်မှုပြဿနာများနှင့် ဆက်စပ်နေသည့်အပြင် နှလုံးခုန်နှုန်းမြန်ခြင်း၊ နှလုံးခုန်မမှန်ခြင်းနှင့် တက်ခြင်းတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ကျန်းမာရေးပညာရှင်များက သတိပေးထုတ်ပြန်ထားကြောင်း သိရသည်။


ဓာတ်ပုံ – guardiannews.com

*ကျော်ကျော်*

# အာဖဂန်နစ္စတန်နိုင်ငံ ပျားမွေးမြူရေးလုပ်ငန်း အရှိန်မြှင့်ဆောင်ရွက်

အာဖဂန်နစ္စတန်နိုင်ငံတွင် ပျားမွေးမြူရေးခြံပေါင်း ၃၂၀၀ ခန့်ရှိပြီး နိုင်ငံအတွင်း ပျားမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ရန် ပျားမွေးမြူသူလုပ်ငန်းရှင်များအား ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ Mawlawi Shir Mohammad Hatami က ပြောကြားခဲ့သည်။

နိုင်ငံတစ်ဝန်းရှိ ပျားမွေးမြူရေးခြံ ၃၂၀၀ မှ နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ခန့်ကို ထုတ်လုပ်ပေးနေကြောင်း အာဖဂန်နစ္စတန် အစိုးရပိုင်ရေဒီယိုနှင့် ရုပ်မြင်သံကြား(RTA) မှတစ်ဆင့် Hatami က ဆိုသည်။

စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနအနေဖြင့် အာဖဂန်နစ္စတန် ပျားမွေးမြူရေးလုပ်ငန်းကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အကောင်းဆုံး ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ထွက်ရှိသော ပျားရည်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် ဈေးကွက်ရှာဖွေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

*ကျော်ကျော်*


ဓာတ်ပုံ – xinhua.com

# ရာသီဥတုဖောက်ပြန်မှုကြောင့် ဆုံးရှုံးမှုနှင့်ကြုံတွေ့နေရသည့် အမေရိကန်မွေးမြူရေးလုပ်ငန်းရှင်များကို ကူညီသွားမည်


ဓာတ်ပုံ – e&enews.com

အမေရိကန်နိုင်ငံတွင် ရာသီဥတုဖောက်ပြန်မှုကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ အခက်တွေ့နေပြီး မွေးမြူရေးလုပ်ငန်းရှင်များအတွက် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန (USDA) က အမေရိကန်ဒေါ်လာ တစ်ဘီလီယံခန့်ထိ သုံးစွဲကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

၂၀၂၃ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း တောမီးလောင်ကျွမ်းမှုများကြောင့် နိုင်ငံတစ်ဝန်း မွေးမြူရေးလုပ်ငန်းများ အရှုံးပေါ်ခဲ့ပြီး အသေးစားမွေးမြူရေးလုပ်ငန်းရှင်တချို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အခက်အခဲများ ကြုံတွေ့နေရသည်။

ယခုအခါ မွေးမြူရေးလုပ်ငန်းများ ပြန်လည် စတင်နိုင်ခြင်းမရှိသောကြောင့် အသားထုတ်လုပ်မှုကဏ္ဍမှ ထုတ်လုပ်မှုနှုန်း ကျဆင်းလာပြီး လုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် USDA က ကူညီပေးရန် စီစဉ်လာခြင်းဖြစ်သည်။

တိုးမြင့်လာသော တိရစ္ဆာန်ဖြည့်စွက်စာ ကျွေးမွေးစရိတ်များအတွက် ရန်ပုံငွေများ ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပြီး သဘာဝဘေးဒဏ်ခံနိုင်သည့် အခြေခံအဆောက်အအုံများကို ဆောက်လုပ်နိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာန(USDA)၏ အတွင်းရေးမှူးဖြစ်သူ Brooke Rollins က ထုတ်ပြန်ချက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# အိုင်အေအီးအေညီလာခံတွင် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးကိစ္စ ဦးစားပေးဆွေးနွေး

(၆၉) ကြိမ်မြောက် နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ) အထွေထွေညီလာခံကို ဩစတြီးယားနိုင်ငံ ဗီယင်နာမြို့၌ကျင်းပခဲ့ရာ နျူကလီးယားစွမ်းအင်နှင့် နည်းပညာကို ငြိမ်းချမ်းစွာအသုံးပြုရေးနှင့် ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးကို ကာကွယ်ရန် အရေးတကြီးလိုအပ်နေကြောင်း ဦးစားပေးဆွေးနွေးခဲ့ကြသည်။

နျူကလီးယားသိပ္ပံနှင့်နည်းပညာကို ငြိမ်းချမ်းသော ရည်ရွယ်ချက်အတွက် အသုံးပြုရာတွင် အိုင်အေအီးအေသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ဤနည်းပညာများသည် လူသားမျိုးနွယ်ကို အကာအကွယ်ပေးနိုင်ကြောင်းနှင့် နျူကလီးယားမပြန့်ပွားရေး ဆက်လက်ကြိုးပမ်းကြရန် တိုက်တွန်းကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပြောကြားခဲ့သည်။

ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားဆိုင်ရာပြဿနာရပ်များတွင် အိုင်အေအီးအေ၏အခန်းကဏ္ဍသည် အရေးပါလာကြောင်း၊ လူသားမျိုးနွယ်ကို ခြိမ်းခြောက်လာသည့်ကိစ္စများအတွက် တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကာလသည် ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုများ ကျယ်ပြန့်လာပြီး အကြမ်းဖက်ဝါဒနှင့် နျူကလီးယားစံချိန်စံညွှန်းများ လျော့နည်းလာနေသည့်အချိန်ဖြစ်ကြောင်း အိုင်အေအီးအေ ညွှန်ကြားရေးမှူးချုပ် ရာဖဲလ်ဂရော့စီက ညီလာခံတွင် ပြောကြားခဲ့သည်။




ကမ္ဘာလုံးဆိုင်ရာ နျူကလီးယားမပြန့်ပွားရေးစနစ်သည် သိသာထင်ရှားသော ကမ္ဘာ့အရေးတင်းမာမှုများအောက်တွင်ရှိနေပြီး အကာအကွယ် လိုအပ်နေကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီကို အသိပေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ညီလာခံသို့ အိုင်အေအီးအေအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ တာဝန်ရှိသူ ၂၅၀၀ ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ဒို့ကျေးရွာဗေဒင်

## ၁၅-၁၀-၂၀၂၅ မှ ၃၁-၁၀-၂၀၂၅ အထိ

**ဝင်းမင်း (B.Sc)**



**တနင်္ဂနွေ။** လုပ်ငန်းတွင် နှောင့်နှေးထစ်ငေါ့မှုမျိုး ကြုံတွေ့နေရတတ်သော်လည်း ငွေကြေးပိုင်းအခြေအနေ ကောင်းမွန်နေပါမည်။ မိတ်သစ်မိတ်ဟောင်းများနှင့် ဆက်သွယ်လုပ်ကိုင်၍ အကျိုးခံစားရတတ်သည်။ ကျန်းမာရေးအည့်ရှိတတ်၍ သွေးတိုး၊ နှလုံး၊ အာရုံကြောရောဂါထဲမှ သတိပြုရမည်။ အချစ်ရေးက ကောင်းမွန်အဆင်ပြေနေမည်။ အိမ်ထောင်ရေးက ကောင်းမွန်သာယာနေမည်။ ပညာရေးက သင့်တင့်ကောင်းမွန်သော်လည်း ပညာရေးဘက် စိတ်ဝင်စားမှုနည်းနေတတ်၍ ကြိုးစားရန် လိုပါမည်။

***ယတြာ။ ဖခင် (သို့) ဖခင်အရွယ် တနင်္ဂနွေသား တစ်ဦးကို တနင်္ဂနွေနေ့၌ အင်္ကျီအနီရောင် တစ်ထည် ဂါရဝပြု၍ ပေးလှူပါ။***




**တနင်္လာ။** ကံကောင်း၍ အဆင်ပြေသော ကာလဖြစ်သည်။ ငွေကြေးပိုင်းတွင် ရစရာရှိသည်များ နှောင့်နှေးရက်ရွှေ့ပြီး ရတတ်သည်။ ကျန်းမာရေး ယာယီအည့်လောက်သာ ရှိတတ်ပါသည်။ အိမ်ထောင်ရေးပြဿနာကြီးမားစွာ မရှိတတ်သော်လည်း အမြင်မတူမှုများကြောင့် စိတ်အနှောင့်အယှက် ဖြစ်ရတတ်သည်။ ပညာရေး ကြိုးစားသလောက် အောင်မြင်မှု ရတတ်သည်။

***ယတြာ။ စေတီတစ်ဆူ၏ တနင်္လာထောင့်တွင် တနင်္လာနေ့၌ ကံ့ကော် ၁၅ ညွန့် လှူ၍ လိုရာဆုတောင်းပါ။***



**အင်္ဂါ။** အလုပ်တွင် ရန်အတိုက်အခံများ၍ အဆင်မပြေမှု အချို့ ကြုံရတတ်သည်။ ငွေကြေးပိုင်းအနည်းငယ် အကျပ်အတည်း ကြုံနေရတတ်သည်။ အချစ်ရေးက ကောင်းမွန်၍ စန်းပွင့်သောကာလဖြစ်သည်။ ပညာရေး ပုံမှန်အနေအထားတွင် ရှိမည်။

***ယတြာ။ အင်္ဂါနေ့မွန်းလွဲနောက်ပိုင်းတွင် စေတီတစ်ဆူ၏ အင်္ဂါထောင့်၌ ယပ်အနီ ရှစ်လက် လှူ၍ ဆုတောင်းပါ။***




**ဗုဒ္ဓဟူး။** လုပ်ငန်းတွင် အခက်အခဲတစ်ရပ် ကြုံနေရတတ်သည်။ လက်အောက်ငယ်သားများကြောင့် ကြုံရတတ်သော အခက်အခဲမျိုး ဖြစ်တတ်သည်။ ငွေကြေးပိုင်းလည်း ရစရာများ နှောင့်နှေးကြန့်ကြာနေတတ်သည်။ ဝမ်းပျက်ခြင်း၊ ဗိုက်အောင့်ခြင်းမျိုး သတိထားပါ။ အချစ်ရေးအဆင်မပြေ စကားများ ရန်ဖြစ်ရတတ်သည်။ အိမ်ထောင်ရေး အညှို့ပေါ်၍ အိမ်ထောင်ဖက် အိမ်မှထွက်သွားတတ်ခြင်းမျိုး ဖြစ်တတ်၍ သတိပြုပါ။ ပညာရေးက ကောင်းမွန်၍ အောင်မြင်မှု အထူးရတတ်သည်။

***ယတြာ။ ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းတွင် စေတီတစ်ဆူ၏ ဗုဒ္ဓဟူးထောင့်တွင် ရွှေရောင်ထီးလေးလက် ကပ်လှူ၍ လိုရာဆုတောင်းပါ။***



**ကြာသပတေး။** လုပ်ငန်းမှာ မတည်ငြိမ် အတက်အကျ များနေတတ်သည်။ ငွေကြေးက သင့်တင့်စွာ ကောင်းမွန်နေမည်။ ကျန်းမာရေး ကောင်းမွန်နေမည်။ အချစ်ရေးက ညှိတတ်၍ အနေဝေးနေတတ်သည်။ အိမ်ထောင်ရေးကညှိ၍ ခိုက်ရန်ဒေါသ ဖြစ်ရတတ်၍ သတိပြုပါ။ ပညာရေးက အထူးကောင်းမွန်၍ အောင်မြင်မှုများ ရနေမည်။

***ယတြာ။ ကြာသပတေးနေ့တွင် စေတီတစ်ဆူ၏ ကြာသပတေးထောင့်၌ မြေပဲဆီဖြင့် ဆီမီးငါးခွက် ထွန်းညှိပူဇော်ပေးပါ။***



**သောကြာ။** လုပ်ကိုင်သမျှ အဆင်ပြေအောင်မြင်နေတတ်သော ကာလဖြစ်သည်။ ငွေကြေး အခြေအနေ ပုံမှန်လည်ပတ်နေမည်။ ကျန်းမာရေး အည့်ရှိ၍ ဆီးရောဂါ၊ ရင်ဝမ်းဥပါဒ်ပေးတတ်ခြင်းမျိုး သတိပြုပါ။ အချစ်ရေးက အည့်ရှိ၍ ချစ်သူနှင့် လမ်းခွဲရမည့် အခြေအနေထိ ကြုံရတတ်ဖွယ်ရှိ၍ သတိပြုဆင်ခြင်ပါ။ အိမ်ထောင်ရေး အထင်လွဲဖွယ်ကိစ္စမျိုးကြုံရတတ်၍ သတိပြုပါ။ ပညာရေးက ကောင်းမွန်နေပါမည်။

***ယတြာ။ သောကြာနေ့ မွန်းမလွဲမီ သံဃာငယ်တစ်ပါးကို သင်္ကန်းတစ်စုံ လှူပေးပါ။***



**စနေ။** လုပ်ငန်းအခြေအနေညှို့၍ တုံ့ဆိုင်းရပ်တန့်လုနီးသည်ထိ ဖြစ်နိုင်၍ အထူးသတိပြုပါ။ ငွေကြေးရသင့်သလောက်ရနေသော်လည်း ပေးဆပ်စရာက ပိုများနေတတ်သည်။ ကျန်းမာရေး အညှို့ရှိ၍ သတိပြုပါ။ အချစ်ရေးနှင့် အိမ်ထောင်ရေးတွင် နားလည်မှုလွဲ၍ ကွဲကွာတတ်သည်။ ပညာရေးက သင့်တင့်သော်လည်း အချစ်ရေးကြောင့် ပညာရေးအနှောင့်အယှက်ဖြစ်နိုင်ခြင်းမျိုး သတိပြုပါ။

***ယတြာ။ စနေနေ့ မွန်းလွဲပိုင်းတွင် စေတီတစ်ဆူ၏ စနေထောင့်၌ နှင်းဆီပန်းအနီ့ အမွှေးတိုင် ၁၀ တိုင် ထွန်းညှိပူဇော်၍ လိုရာဆုတောင်းပါ။***

# မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ စက်တင်ဘာလ နောက်ဆုံးပတ်အတွင်း ဖမ်းဆီးရမိမှု အခြေအနေ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအား ဖမ်းဆီးရရှိခဲ့ရာ တစ်ပတ်အတွင်း ဖမ်းဆီးရရှိမှုအခြေအနေကို အောက်ပါအတိုင်း သိရှိရသည် -

| ဖမ်းဆီးရရှိမှု | | ကာလတန်ဖိုး |
|---|---|---|
| - ကွန်ဟိန်းမြို့နယ်၊ တာကော်ကျေးရွာ | ဘိန်းစိမ်း ၂ ဒသမ ၆၄ ကီလို | ကျပ် ၃၁၆ ဒသမ ၈ သိန်း |
| - မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ကျေးရွာ | စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉၉၅၀ ပြား | ကျပ် ၃၁၄၉ ဒသမ ၂၅ သိန်း |

ဖမ်းဆီးရမိခဲ့သည့် ၎င်းတို့၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ရာမှရရှိခဲ့သော ငွေကြေးအကျိုးအမြတ်များ၊ ပိုင်ဆိုင်မှုများကို တည်ဆဲဥပဒေများဖြင့် အရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း Central Committee For Drug Abuse Control Myanmar (CCDAC Myanmar) မှ သိရှိရသည်။

*ကိုအောင်*

# သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

**မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်များ**

မိမိအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ ကြံ့ခိုင်မှုကို စစ်ဆေးပါ။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန်နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

**မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်အချက်များ**

သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလဟလသတင်းများကို မယုံပါနှင့်။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။ မုန်တိုင်းဒီရေကို အထူးဂရုပြုပါ။ သက်ဆိုင်ရာ အစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

**မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့်အချက်များ**

တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။ ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်း၊ မပြုလုပ်ပါနှင့်။ လေမုန်တိုင်းအနည်းငယ် အားလျော့သွားချိန်တွင် အိမ်အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ ကမ်းနဖူးသို့ သွားရောက်ခြင်း မပြုပါနှင့်။

**မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန်အချက်များ**

မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။ အိမ်၏ ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိ/မရှိ စစ်ဆေးပါ။ သန့်ရှင်းသော သောက်သုံးရေ(သို့) ကျိုချက်ထားသော ရေ(သို့)ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

*လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန*

# မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ပထမ ၁၅ ရက်အတွက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလ ၂၆ ရက်နေ့မှ အောက်တိုဘာလ ၁ ရက်နေ့အတွင်း မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့် ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမှုမြဲထက်ပိုနိုင်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမှုမြဲအောက် လျော့နည်းနိုင်ကာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမှုမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၁ ရက်မှ ၂၅ ရက်ခန့်၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ၁၆ ရက်မှ ၂၀ ရက်ခန့်နှင့် မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ၁၁ ရက်မှ ၁၅ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

*မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန*





## စပါးခင်းတွင် သတိပြုသင့်သည့် ဖြုတ်ပိုးအန္တရာယ်

မြန်မာနိုင်ငံတွင် အဓိကကျရောက်လေ့ရှိသည့် စပါးဖြုတ်ပိုးအမျိုးအစား သုံးမျိုးရှိပြီး ယခုကာလ သတိပြုသင့်သည့် စပါးခင်းကို အဓိကဖျက်ဆီးတတ်သော ဖြုတ်ပိုးမှာ ဖြုတ်ညိုနှင့် ဖြုတ်ကျောဖြူတို့ ဖြစ်ကြပါသည်။

### *ကျရောက်သည့်အချိန်*

ဖြုတ်ညိုပိုးသည် အပူချိန် (၂၇-၃၂) ဒီဂရီစင်တီဂရိတ်ကြား၊ စိုထိုင်းဆ ၇၀ ရာခိုင်နှုန်းနှင့် အထက်ရှိသည့် မိုးဆက်တိုက်ရွာသွန်းသော သို့မဟုတ် မိုးအုံ့ဆိုင်းသော ကာလများတွင် များသောအားဖြင့် ကျရောက် ဖျက်ဆီးတတ်ပါသည်။ အပင်ဦးရေကျပ်ခြင်း၊ လေဝင်လေထွက်နည်းခြင်း၊ နိုက်ထရိုဂျင်မြေဩဇာလွန်ကဲခြင်း၊ စိုက်ခင်းအတွင်း ရေအမြဲရှိနေခြင်း စသည့် အခြေအနေများသည် ဖြုတ်ညိုပိုး ကျရောက်မှုကို အားပေးသော အခြေအနေများ ဖြစ်ကြပါသည်။

### *ဖျက်ဆီးပုံလက္ခဏာများ*

စပါးဖြုတ်ညိုပိုးသည် စပါးပင်၏ ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး မြက်တူပင်တူရောဂါနှင့် စုတ်ပြတ်လိမ်တွန့်ဗိုင်းရပ်စ်ရောဂါများကို ကူးစက်စေပါသည်။ ဖြုတ်ကျောဖြူသည်လည်း ပင်ရည်ကို စုပ်ယူစားပြီး စပါးရွက်များ ခြောက်သွေ့၍ မီးလောင်ထားသကဲ့သို့ ဖြုတ်လောင်လက္ခဏာ (Hopper Burn) ကို ဖြစ်ပေါ်စေပြီး စပါးအနက်စင်း ပင်ပုဗိုင်းရပ်စ်ရောဂါကို ကူးစက်စေပါသည်။

### *ကာကွယ်နှိမ်နင်းရေးနည်းလမ်းများ*

ဖြုတ်ပိုးကျရောက်သော ဒေသများတွင် သက်လျင်(သက်တမ်းတို) စပါးမျိုးကို စိုက်ပျိုးပါ။ မျိုးစေ့နှုန်းထားလျှော့၍ အပင်ဦးရေ ကျဲကျဲစိုက်ပါ။ နိုက်ထရိုဂျင်မြေဩဇာကို စပါးပင်အဓိကလိုအပ်ချိန်များတွင် အလီလီခွဲ၍ကျွေးပါ။ ဖြုတ်ပိုးကျရောက်ပါက မဖြစ်မနေ ရေထုတ်ပေးပါ။ ဖြုတ်ပိုးကျရောက်ရန် အားပေးသော ရာသီဥတုအခြေအနေရှိပါက စိုက်ခင်းကြိုတင်ရေထုတ်ပြီး လေကြောင်းခွဲပေးပါ။ လက်ခံပင်ပေါင်းမြက်များဖြစ်သည့် မြက်မုန်ညင်း၊ ဝမ်းဘဲစာများကို ဖယ်ရှားပါ။ မီးထောင်ချောက်အသုံးပြုပါ။ ပိုတက်ရှ်မြေဩဇာကို မဖြစ်မနေသုံးစွဲပေးပါ။

***ကိုးကား*** – အစိမ်းရောင်လမ်း





## တဖြုတ်ဖြုတ် (Pymetrozine 50% + Nitenpyram 20% WDG)

**ထိသေ၊ စားသေနှင့် ပင်လုံးပြန့်အာနိသင်ရှိ ရေဖျော်ပိုးသတ်ဆေးခဲ**

**အသုံးပြုရန်နှုန်းထား**

စပါး – တစ်ဧကလျှင် (၅၀-၁၀၀) ဂရမ်နှုန်းဖြင့် အသုံးပြုနိုင်ပါသည်။

**သတိပြုရမည့်အချက်များ**

- တစ်ရာသီဆေးဖျန်းကြိမ်ရေ (၃)ကြိမ်။
- ဆေးဖျန်းခြားရက် (၇)ရက်။
- ဆေးဖျန်းပြီးနောက် စိုက်ခင်းအတွင်း ပြန်လည်ဝင်ရောက်နိုင်သောကာလ (၂၄)နာရီ။
- တစ်ဧကလျှင် (၂၀)လီတာဝင် ဆေးဖျန်းပုံး ခြောက်ပုံးနှုန်းဖြင့် တွက်ချက်ထားပါသည်။

# အံ့မခန်းဖွံ့ဖြိုးတိုးတက်မှုများဖြင့် ရင်သပ်ရှုမောဖွယ်ရာ ထူကွားချုံးကျေးရွာ

တရုတ်နိုင်ငံ ယူနန်ပြည်နယ်ရှိ ထူကွားချုံးကျေးရွာသည် ယခင်က ဒေသခံများ ပြောင်းရွှေ့သွားသောကြောင့် တိတ်ဆိတ်ခြောက်ကပ်ခဲ့သော်လည်း ယနေ့တွင် အံ့မခန်းဖွယ်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ကြုံတွေ့နေရသည်။



ဓာတ်ပုံ – yunnangateway.com

ယခုအခါ အဆိုပါကျေးရွာတွင် လမ်းမကြီးတစ်လျှောက် လမ်းမီးတိုင် ၅၂ တိုင်နှင့်အတူ ရှည်လျားလှပသော ပန်းပင်များနှင့် လမ်းတစ်လျှောက် စီတန်းစိုက်ပျိုးထားသော သစ်ပင်ပေါင်း ၃၀၀၀ ကျော်၏ လှပသည့်မြင်ကွင်းများကြောင့် လာရောက်လည်ပတ်သူများကို သက်ရှိပန်းချီကားတစ်ချပ်ကဲ့သို့ ရင်သပ်ရှုမောစွာ ခံစားရစေသည်။ ယခင်က စွန့်ပစ်ထားခဲ့သော နေအိမ်(၇၇)လုံးသည် ယခုအခါ ကျေးလက်ရိုးရာနေအိမ်များ၊ စူပါမားကတ်များ၊ ကော်ဖီဆိုင်များ၊ စားသောက်ဆိုင်များအဖြစ် ပြန်လည်အသက်ဝင်လာခဲ့ပြီး လာရောက်လည်ပတ်သော ဧည့်သည်များအနေဖြင့် ကျေးလက်သဘာဝနှင့် ခေတ်မီတိုးတက်မှုကို ယှဉ်တွဲခံစားနိုင်ပြီဖြစ်သည်။ ထူကွားချုံးရွာတွင် ဓာတ်ပုံရိုက်ထားသည့်ပုံများသည် ဆိုရှယ်မီဒီယာများတွင်ရေပန်းစားလာပြီး ခရီးသွားများအတွက် ဆွဲဆောင်မှုရှိသော နေရာတစ်ခုဖြစ်လာခဲ့သည်။

ယခုနှစ်တွင် နေကြာ၊ မိုးတိမ်ပန်းနှင့် ရွှေရောင်ဂန္ဓမာပင်များ ဧက ၁၀၀၀ ကျော်ခန့် စိုက်ပျိုးထားပြီး ဩဂုတ်လမှ အောက်တိုဘာလအထိ စိတ်ကူးယဉ်ဆန်ဆန် အရောင်အသွေးရှိသည့် ကျယ်ပြန့်လှသော ပန်းခင်းများ၏ ရှုခင်းများကို နေ့စဉ်လူပေါင်းများစွာ လာရောက်ကြည့်ရှုကြကြောင်း သိရသည်။ အစဉ်တိုးတက်နေသော ကျေးလက်ခရီးသွားလုပ်ငန်းသည် ထူကွားချုံးရွာ၏ အသက်သွေးကြောဖြစ်ပြီး အဆိုပါရွာရှိ ထူးခြားသော ကျေးလက်တည်းခိုခန်းများသည် ကျေးလက်ခရီးသွားလုပ်ငန်းအတွက် ဆန်းသစ်သောပုံစံကို ပြသနိုင်ခဲ့သည်။ တရုတ်နိုင်ငံရှိ ယူနန်ပြည်နယ်သည် ၂၀၂၄ ခုနှစ်အတွင်း ဧည့်သည် ၄ သန်းနီးပါးကို ဝန်ဆောင်မှုပေးခဲ့ပြီး ၂၀၂၅ ခုနှစ်တွင် ဧည့်သည် ၆ သန်းထိ လာရောက်လည်ပတ်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိသည်။

ထူကွားချုံးရွာသည် အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ကုမ္ပဏီများ၊ လုပ်ငန်းစုများက လာရောက်ရင်းနှီးမြှုပ်နှံကြပြီး ရွာသူရွာသားများ၏ စုပေါင်းအားဖြင့် ကျေးရွာတိုးတက်အောင်ဆောင်ရွက်လျက်ရှိသည်၊ ဒေသခံများသည် ကျေးရွာသို့ လာရောက်တည်းခိုသူများကိုကောင်းမွန်သော ဝန်ဆောင်မှုပေးခြင်းကြောင့် ကျေးရွာနေပြည်သူများ၏ ဝင်ငွေများ တိုးတက်လာပြီး အကျိုးအမြတ်ရရှိလျက်ရှိသည်။

*ကျော်တင့်(ရွှေခရမ်း)*

# ထိုင်းစီးပွားရေးကဏ္ဍအတွက် အရေးပါနေသော နွားမွေးမြူရေးလုပ်ငန်း


ဓာတ်ပုံ – Bangkokpost.com.

နွားမွေးမြူရေးလုပ်ငန်းသည် ထိုင်းနိုင်ငံ ကျေးလက်စီးပွားရေး၏ ကျောရိုးဖြစ်ပြီး မိသားစုနှစ်သန်းကျော်သည် အသားနှင့် နို့ထုတ်လုပ်သည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြသည်။

ထိုင်းနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇွန်လအထိ နွားကောင်ရေ ၉ ဒသမ ၆ သန်းခန့် မွေးမြူထားပြီး ၂၀၂၄ ခုနှစ်တွင် အမဲသားတန်ချိန် ၂၂၀၀၀၀ ခန့်အထိ ထုတ်လုပ်နိုင်ခဲ့သည်။ နိုင်ငံ၏ဒေသအလိုက် ရာသီဥတုနှင့် ကိုက်ညီပြီး ရောဂါဒဏ်ခံနိုင်သော နွားမျိုးစိတ်များကို မွေးမြူထားပြီး အာဆီယံနိုင်ငံများ၊ တရုတ်နိုင်ငံနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများသို့နွားအရှင်တင်ပို့လျက်ရှိသည်။

သို့သော် နွားမွေးမြူသူများအနေဖြင့် အစာကျွေးမွေးစရိတ်မြင့်မားခြင်း၊ ဘဏ္ဍာငွေထောက်ပံ့မှုအကန့်အသတ်ရှိခြင်းနှင့် ဈေးနှုန်းနိမ့်ကျခြင်းတို့ကိုလည်း ရင်ဆိုင်နေရသည်။ ခွာနာလျှာနာနှင့် အရေပြားအဖုအကြိတ်ရောဂါသည် ခြိမ်းခြောက်မှု တစ်ခုအဖြစ် ရှိနေပြီး တရားမဝင် နွားမှောင်ခိုလုပ်ငန်းသည် ဒေသခံမွေးမြူရေးသမားများအား ထိခိုက်စေခဲ့သည်။ ဒေသတွင်း အမဲသားများသည် ပြည်ပမှ ဈေးသက်သာပြီး အရည်အသွေးမြင့်သော အမဲသားများနှင့် ဈေးကွက်ယှဉ်ပြိုင်နေရကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

# သီရိလင်္ကာ၏ နာမည်ကျော် Ceylon လက်ဖက်ရည်ကို ထိုင်းဈေးကွက်သို့ ချဲ့ထွင်

ထိုင်း-သီရိလင်္ကာ နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၇၀ ပြည့် အထိမ်းအမှတ်အဖြစ် သီရိလင်္ကာနိုင်ငံသည် ၎င်းတို့၏ ထုတ်ကုန်ဖြစ်သည့် ကမ္ဘာကျော် Ceylon လက်ဖက်ရည်ကို ထိုင်းနိုင်ငံသို့ တင်ပို့မှုဈေးကွက် မြှင့်တင်ခြင်းဖြင့် နှစ်နိုင်ငံဆက်ဆံရေးကို မြှင့်တင်ရန် ကြိုးပမ်းလျက်ရှိသည်။



ဓာတ်ပုံ – Bangkokpost.com.

သီရိလင်္ကာသံရုံးသည် နိုင်ငံ၏ အကောင်းဆုံးလက်ဖက်ရည်ကို မိတ်ဆက်သည့် “Ceylon Tea Finest Evening” ပွဲကို ထိုင်းနိုင်ငံ၊ ဗန်ကောက်မြို့၌ ကျင်းပခဲ့ပြီး မိမိတို့နိုင်ငံ၏ ဒေသထွက် လက်ဖက်ရည်သည် ထိုင်းနိုင်ငံ၏ ကျန်းမာသော လူနေမှုပုံစံအတွက် သဘာဝစားသောက်ကုန်တစ်ခု ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ သီရိလင်္ကာ သံအမတ်ကြီးက ဆိုသည်။

ထို့အပြင် ထိုင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ လက်ဖက်ရည်ဆိုင်ရာ ဆန်းသစ်သော ထုတ်ကုန်များ၊ ပိုမိုကောင်းမွန်သော လက်ဖက်ခြောက်ထုတ်ကုန်များအား တီထွင်ထုတ်လုပ်သွားရန် သံအမတ်ကြီးက တိုက်တွန်းခဲ့သည်။ ထိုင်းစီးပွားရေးလုပ်ငန်းရှင်များကလည်း လက်ဖက်ခြောက်ထုတ်ကုန်ဈေးကွက်တွင်သာမက ခရီးသွားလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် အခြားကဏ္ဍများတွင်လည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံတွင် ကော်ဖီစိုက်ခင်းများ ပျက်စီးပြီးနောက် ၁၈၆၇ ခုနှစ်တွင် Ceylon လက်ဖက်ကို စီးပွားဖြစ် စတင်စိုက်ပျိုးခဲ့ပြီး ကောင်းမွန်သော စံချိန်စံညွှန်းအရည်အသွေးများကြောင့် ကမ္ဘာပေါ်တွင် အသန့်ရှင်းဆုံး လက်ဖက်ခြောက်အဖြစ် ကျော်ကြားခဲ့သည်။

သီရိလင်္ကာနိုင်ငံအနေဖြင့် လက်ဖက်ခြောက်တင်ပို့မှုအဖြစ် နှစ်စဉ် ကီလိုဂရမ် သန်း ၃၂၀ ခန့် ထွက်ရှိကာ နိုင်ငံပေါင်း ၁၆၀ ကျော်သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

*ကျော်တင့်(ရွှေခရမ်း)*

